# The Sale of Goods Act

# ကုန်ရောင်းခြင်းအက်ဥပဒေ

( အိန္ဒိယအက်ဥပဒေ အမှတ် - ၃၊ ၁၉၃၀)( ၁၊ ၇၊ ၁၉၃၀)

အခန်း(၁)

ပဏာမ

၁။ ပယ်ဖျက်ထားသည်။

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားအဆက်အစပ်နှင့်ဖြစ်စေ ဆန့်ကျင်ခြင်းမရှိလျှင် -

(၁) "ဝယ်သူ" ဆိုသည်မှာ "ကုန်" ကိုဝယ်ယူသူ သို့မဟုတ် ဝယ်ယူရန် သဘောတူညီသူကိုဆိုသည်။

(၂) "ပေးအပ်ခြင်း" ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးမှ အခြားတစ်ဦးသို့ လက်ရှိထားခွင့်အားအလို အလျောက်လွှဲပြောင်းပေးခြင်းကိုဆိုသည်။

(၃) ပေးအပ်ခြင်းကိုလက်ခံယူရန် ပဋိညာဉ်အရ ဝယ်သူ၌တာဝန်ရှိမည့်အခြေအနေတွင်ရှိသော "ကုန်" သည် " ပေးအပ်နိုင်သောအခြေအနေ" တွင်ရှိသည်ဟုဆိုသည်။

(၄) "ကုန်ပိုင်ဆိုင်ကြောင်းအထောက်အထားစာရွက်စာတမ်း" တွင် သင်္ဘောကုန်တင်လက်မှတ်၊ ဆိပ်ကမ်းသိုလှောင်ရုံမှ သွင်းကုန်ပစ္စည်း ထုတ်ယူခွင့်လက်မှတ် (ကျင်းသွင်းလက်မှတ်)၊ ကုန်လှောင်ရုံရှင်၏လက်မှတ် (ကုန်လှောင်တိုက်ပိုင်လက်မှတ်)၊ ဆိပ်ခံတံတားရှည်၏လက်မှတ်(တံတားရှင်လက်မှတ်)၊ မီးရထားပြေစာ(တန်ဆာ)၊ ကုန်ပေးအပ်ရန်အမိန့်စာ (ကုန်စည်များကိုလွှဲပေးရန်အမိန့်လက်မှတ်)၊ ထို့ပြင် ပုံမှန်လုပ်ငန်းဆောင်ရွက်ပုံအရ ကုန်လက်ရှိဖြစ်ကြောင်း သို့မဟုတ် ကုန်ကိုထိန်းချုပ်ထားကြောင်းသက်သေခံအထောက်အထားအဖြစ်အသုံးပြုသည့် သို့မဟုတ် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းဖြင့်ဖြစ်စေ၊ ပေးအပ်ခြင်းဖြင့်ဖြစ်စေ ဖော်ပြပါကုန်များကို လွှဲပြောင်းပေးရန်သော်လည်းကောင်း၊ လက်ခံရန်သော်လည်းကောင်း၊ စာရွက်စာတမ်းလက်ရှိဖြစ်သူအား အာဏာလွှဲအပ်သည့် သို့မဟုတ် အာဏာလွှဲအပ်ရာရောက်သည့် အခြားစာရွက်စာတမ်းတမျိုးမျိုးလည်းပါဝင်သည်။

(၅) "အပြစ်" ဆိုသည်မှာ မှားယွင်းသောပြုလုပ်မှု (မတရားပြုလုပ်မှု) သို့မဟုတ် ပျက်ကွက်မှုကိုဆိုသည်။

(၆) "အနာဂတ်ကုန်" ဆိုသည်မှာ အရောင်းပဋိညာဉ်ပြုလုပ်ပြီးနောက်မှ ရောင်းသူကပြုလုပ်မည့် သို့မဟုတ် ထုတ်လုပ်မည့် သို့မဟုတ် ရရှိမည့်ကုန်ကိုဆိုသည်။

(၇) "ကုန်" ဆိုသည်မှာ တရားစွဲဆိုခွင့်ရှိသော တောင်းခံမှုများနှင့် ငွေမှအပ ရွှေ့ပြောင်းနိုင်သောပစ္စည်းအမျိုးမျိုးကိုဆိုသည်။ ယင်းတွင် စတော့များနှင့်ရှယ်ယာများ ရောင်းချခြင်းမပြုမီဖြစ်စေ၊ အရောင်းပဋိညာဉ်အရဖြစ်စေ၊ မြေမှခွဲခွာ(ဖြတ်တောက်)ယူရန်

သဘောတူညီထားသည့် ပေါက်ရောက်နေသောသီးနှံပင်များ (ပင်ထောင်သီးနှံ)၊ မြက်ပင်များနှင့် မြေတွင်စွဲထားသော သို့မဟုတ် မြေ၏အစိတ်အပိုင်းဖြစ်နေသောအရာများလည်းပါဝင်သည်။

(၈) ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် မိမိ၏ကြွေးမြီများကိုပေးဆပ်ရန် ရပ်စဲထားသူ သို့မဟုတ် ပေးဆပ်ချိန်ကျရောက်သော မိမိ၏ကြွေးမြီများကို မပေးဆပ်နိုင်သူသည် ကြွေးမြီ မပေးဆပ်နိုင်သည့် လုပ်ရပ်တစ်ခုခုကိုကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ ထိုသူကို "ကြွေးမြီမပေးဆပ်နိုင်သူ(လူမွဲ)" ဟုဆိုသည်။

(၉) "ကုန်သွယ်မှုကိုယ်စားလှယ်" ဆိုသည်မှာ ဓလေ့ထုံးစံအရ လုပ်ငန်းဆောင်ရွက်ရာတွင် ယင်းသို့သော ကိုယ်စားလှယ်အဖြစ်ဖြင့် ကုန်ရောင်းချရန်ဖြစ်စေ၊ ရောင်းချရေးအတွက် ကုန်ကိုတင်ပို့ရန်ဖြစ်စေ၊ ကုန်ဝယ်ယူရန်ဖြစ်စေ၊ ကုန်ကိုအာမခံထား၍ ငွေရှာရန်ဖြစ်စေ၊ အခွင့်အာဏာရှိသည့် ကုန်သွယ်မှုကိုယ်စားလှယ်ကိုဆိုသည်။

(၁၀) "ကုန်ဖိုးငွေ" ဆိုသည်မှာ ကုန်ရောင်းခြင်းအတွက် ငွေဖြင့် တုံ့ပြန်မှုကိုဆိုသည်။

(၁၁) "ပိုင်ဆိုင်ခွင့်" ဆိုသည်မှာ အထူးပိုင်ဆိုင်ခွင့်မျှသာ မဟုတ်ဘဲ အရပ်ရပ်ဆိုင်ခွင့်ကိုဆိုသည်။

(၁၂) "ကုန်အရည်အသွေး" တွင် ၎င်းတို့၏အခြေအနေ သို့မဟုတ် သတ်မှတ်ချက် ပါဝင်သည်။

(၁၃) "ရောင်းသူ" ဆိုသည်မှာ ကုန်ရောင်းသူ သို့မဟုတ် ရောင်းရန် သဘောတူသူကိုဆိုသည်။

(၁၄) "သီးခြားသတ်မှတ်ထားပြီးကုန်" ဆိုသည်မှာ အရောင်းပဋိညာဉ်ပြုစဉ်က စိစစ်ခွဲခြားထားပြီး ဖြစ်သည့်အပြင် သဘောတူပြီးဖြစ်သည့် ကုန် ကိုဆိုသည်။

(၁၅) ဤအက်ဥပဒေတွင်အသုံးပြုထားပြီး အဓိပ္ပါယ်ဖွင့်ဆိုမထားသော်လည်း ပဋိညာဉ်အက်ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် စကားရပ်များသည် ထိုအက်ဥပဒေတွင် ၎င်းတို့အတွက် သတ်မှတ်ပေးထားသော အဓိပ္ပါယ်များရှိကြသည်။ ကုန်ရောင်းပဋိညာဉ်သည် ထို အက်ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ပဋိညာဉ်ဖြစ်သည်။

**ပဋိညာဉ်အက်ဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း**

၃။ ပဋိညာဉ်သည် အက်ဥပဒေပါ ရုပ်သိမ်းခြင်းမပြုသော ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေပါ အတိအလင်းပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ကုန်ရောင်းပဋိညာဉ်များနှင့် ဆက်လက် သက်ဆိုင်စေရမည်။

## အခန်း(၂)
## ပဋိညာဉ်ဖွဲ့စည်းခြင်း
## အရောင်းပဋိညာဉ်

**ရောင်းခြင်းနှင့် ရောင်းရန်သဘောတူညီချက်**

၄။ (၁) အရောင်းပဋိညာဉ်ဆိုသည်မှာ ရောင်းသူက ဝယ်သူအား ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကို ကုန်ဖိုးငွေအတွက် လွှဲပြောင်းပေးသည့် သို့မဟုတ် လွှဲပြောင်းပေးရန် သဘောတူသည့် ပဋိညာဉ် ဖြစ်သည်။ စပ်တူပိုင်ဆိုင်သူနှစ်ဦးအကြား အရောင်းပဋိညာဉ်ရှိနိုင်သည်။

(၂) အရောင်းပဋိညာဉ်တစ်ရပ်သည် ပြီးပြည့်စုံပြီး (အလုံးစုံ) သော်လည်းကောင်း၊ စည်းကမ်း ကန့်သတ်ချက်အရ သော်လည်းကောင်း ဖြစ်နိုင်သည်။

(၃) အရောင်းပဋိညာဉ်အရ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကို ရောင်းသူမှဝယ်သူသို့ လွှဲပြောင်း ပေးပြီးဖြစ်သည့်ကိစ္စတွင် ယင်းပဋိညာဉ်ကို ရောင်းခြင်းဟုခေါ်သည်။ သို့ရာတွင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်းသည် အနာဂတ်ကာလတွင် ဖြစ်ပေါ်ရန်ရှိသည့် သို့မဟုတ် နောင်တွင် ဖြည့်ဆည်းရမည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို အထောက် အထားပြုသည့်ကိစ္စတွင် မူရင်းပဋိညာဉ်ကို ရောင်းရန် သဘောတူညီချက်ဟု ခေါ်သည်။

(၄) အချိန်ကုန်လွန်သွားသည့်အခါတွင်ဖြစ်စေ၊ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းရန် အထောက်အထားပြုရမည့် စည်းကမ်းချက်များကို ဖြည့်ဆည်းပြီးသည့်အခါတွင် ဖြစ်စေ၊ ရောင်းရန်သဘောတူညီချက်သည် ရောင်းခြင်းဖြစ်လာသည်။

## ပဋိညာဉ်မြောက်ရန်လိုအပ်ချက်များ

**အရောင်းပဋိညာဉ်ပြုလုပ်ပုံ**

၅။ (၁) ကုန်ပစ္စည်းကိုတန်ဖိုးငွေဖြင့်ဝယ်ရန် သို့မဟုတ် ရောင်းရန် ကမ်းလှမ်းခြင်းနှင့် ယင်းကမ်း လှမ်းချက်ကို လက်ခံခြင်းတို့ဖြင့် အရောင်းပဋိညာဉ်တစ်ရပ်ကို ပြုလုပ် သည်။ ကုန်ပစ္စည်းကို ချက်ခြင်းပေးအပ်ရန်ဖြစ်စေ၊ ကုန်ဖိုးငွေကို ချက်ခြင်းပေးချေ ရန်ဖြစ်စေ၊ ယင်းအချက် နှစ်ရပ်စလုံးကိုဖြစ်စေ၊ အရစ်ကျစနစ်ဖြင့်ကုန်ပေးဆပ်ရန် သို့မဟုတ် ငွေပေးချေရန်ဖြစ်စေ၊ ကုန်ပေးအပ်ခြင်း သို့မဟုတ် ငွေပေးချေခြင်း သို့မဟုတ် ယင်းအချက်နှစ်ရပ်စလုံးကို နောက်တစ်ချိန်သို့ ရွှေ့ဆိုင်းကြောင်းကိုဖြစ်စေ ပဋိညာဉ်တွင် စည်းကမ်းသတ်မှတ်နိုင်သည်။

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဌာန်းချက်များကို မထိခိုက်စေဘဲ ပဋိညာဉ်တစ်ရပ် ကို စာဖြင့်ဖြစ်စေ၊ နှုတ်ပြောစကားဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို စာဖြင့်၊ တစ်စိတ်တစ်ပိုင်းကို နှုတ်ပြောစကားဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။ သို့မဟုတ် ပဋိညာဉ်ပြုသူတို့၏ ပြုမူဆောင်ရွက်မှုအရ ပဋိညာဉ်ဖြစ်သည်ဟု ကောက်ယူနိုင် သည်။

## ပဋိညာဉ်၏အကြောင်းအရာ

**တည်ရှိနေသောကုန် သို့မဟုတ် အနာဂတ်ကုန်**

၆။ (၁) အရောင်းပဋိညာဉ်၏အကြောင်းအရာဖြစ်သော "ကုန်" သည် ရောင်းသူက ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် တည်ရှိနေသော ကုန် သော်လည်းကောင်း၊ အနာဂတ် ကုန် သော်လည်းကောင်း ဖြစ်နိုင်သည်။

(၂) ဖြစ်မည်-မဖြစ်မည် မသေချာသော မရေရာမှုအပေါ်တွင် မူတည်၍ ရောင်းသူရရှိမည့် ကုန်ကို ရောင်းခြင်းအတွက် ပဋိညာဉ်တစ်ရပ် ရှိနိုင်သည်။

(၃) အရောင်းပဋိညာဉ်တစ်ရပ်အရ ရောင်းသူသည် အနာဂတ်ကုန်ကို လတ်တလော ရောင်းခြင်းအဖြစ် အကျိုးသက်ရောက်စေလိုသည့်ကိစ္စတွင် ယင်းပဋိညာဉ်သည် ကုန် ရောင်းရန် သဘောတူညီချက်အဖြစ် တည်ရှိဆောင်ရွက်သည်။

**ပဋိညာဉ်ပြုလုပ်ခြင်းမရှိမီ ယိုယွင်းပျက်စီးနေသောကုန်**

၇။ သီးခြားသတ်မှတ်ထားပြီးကုန်ကို ရောင်းသော ပဋိညာဉ်ရှိသည့်ကိစ္စတွင် ပဋိညာဉ်ပြုသည့် အချိန်၌ "ကုန်"သည် ရောင်းသူသိရှိခြင်းမရှိဘဲ ယိုယွင်းပျက်စီးပြီး ဖြစ်လျှင်သော်လည်းကောင်း၊ ပဋိညာဉ်ပါ ဖော်ပြချက်အတိုင်း ကိုက်ညီမှုမရှိတော့လောက်အောင် ထိခိုက်ပျက်စီးထားပြီးဖြစ်လျှင် သော်လည်းကောင်း၊ ပဋိညာဉ်သည် ပျက်ပြယ်သည်။

**ရောင်းရန်သဘောတူညီချက်ပြုလုပ်ပြီးနောက် ရောင်းခြင်းမပြုမီယိုယွင်းပျက်စီးသွားသော "ကုန်"**

၈။ သီးခြားသတ်မှတ်ထားပြီး ကုန်ကို ရောင်းချရန် သဘောတူညီချက်ရှိသည့် ကိစ္စတွင် ပဋိညာဉ် ပြုလုပ်ပြီးနောက် ကုန်ပစ္စည်းဆုံးရှုံးမှုအန္တရာယ်သည် ဝယ်သူထံကူးပြောင်းခြင်းမပြုမီ ရောင်းသူနှင့်ဝယ်သူတို့၏ အပြစ်တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ "ကုန်" သည် ယိုယွင်းပျက်စီး သွားလျှင်ဖြစ်စေ၊ ပဋိညာဉ်တွင် ဖော်ပြထားချက်နှင့် ကိုက်ညီမှု မရှိတော့လောက်အောင် ထိခိုက် ပျက်စီးသွားလျှင်ဖြစ်စေ ယင်းသဘောတူညီချက်သည် ပျက်ပြယ်သည်။

## ကုန်ဖိုးငွေ

**ကုန်ဖိုးငွေကိုသတ်မှတ်ခြင်း**

၉။ (၁) အရောင်းပဋိညာဉ်တစ်ရပ်ပါ ကုန်ဖိုးငွေကို ယင်းပဋိညာဉ်အရ သတ်မှတ်နိုင်သည်။ သို့မဟုတ် သဘောတူညီထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ရန် ချန်လှပ်ထား နိုင်သည်။ သို့မဟုတ် ရောင်းသူနှင့်ဝယ်သူတို့အကြား ဆက်ဆံပုံ ဆက်ဆံနည်းအရ ဆုံးဖြတ်နိုင်သည်။

(၂) ရှေ့တွင်ပါရှိပြီးပြဋ္ဌာန်းချက်များနှင့်အညီ ကုန်ဖိုးငွေကို သတ်မှတ်ခြင်းမပြုသည့် ကိစ္စ တွင် ဝယ်သူသည် ရောင်းသူအား လျော်ကန်သင့်မြတ်သော ကုန်ဖိုးငွေကိုပေးရမည်။

လျော်ကန်သင့်မြတ်သော ကုန်ဖိုးငွေဆိုသည်မှာ ကိစ္စရပ်တစ်ခုချင်း၏ အခြေအနေများပေါ်တွင် တည်မှီနေသော အကြောင်းခြင်းရာ ဆိုင်ရာပြဿနာဖြစ်သည်။

**တန်ဖိုးဖြတ်ချက်အရ ရောင်းရန်သဘောတူညီချက်**

၁၀။ (၁) တတိယပုဂ္ဂိုလ်(ကြားလူ)၏ တန်ဖိုးဖြတ်ခြင်းဖြင့် ကုန်ဖိုးငွေကို သတ်မှတ်ရန် ဟူသော စည်းကမ်းချက်မဖြင့် ကုန်ရောင်းရန် သဘောတူညီချက်ရှိရာ ၎င်း ကြားလူက ယင်းစည်းကမ်းချက်အတိုင်း တန်ဖိုးမဖြတ်နိုင်သည့် သို့မဟုတ် တန်ဖိုးမဖြတ်သည့်ကိစ္စတွင် ယင်းသဘောတူညီချက်သည် ပျက်ပြယ်သည်။ သို့ရာတွင် ကုန် သို့မဟုတ် ကုန်တစ်စိတ်တစ်ဒေသကို ဝယ်သူသို့ ပေးအပ်ပြီးဖြစ်၍ ဝယ်သူကလည်း လက်ခံသုံးစွဲပါက ဝယ်သူသည် အဆိုပါကုန်အတွက် လျော်ကန်သင့်မြတ်သော ကုန်ဖိုးငွေကို ပေးချေရမည်။

(၂) ရောင်းသူ သို့မဟုတ် ဝယ်သူ၏ အပြစ်ကြောင့် အဆိုပါကြားလူသည် တန်ဖိုးဖြတ်ခြင်းမှ တားဆီးခြင်းခံရသည့်ကိစ္စတွင် အပြစ်မရှိသူသည် နစ်နာကြေးရလိုမှုဖြင့် အပြစ်ရှိသူအား တရားစွဲဆိုနိုင်သည်။

**စည်းကမ်းချက်များနှင့် အာမခံချက်များ အချိန်နှင့်စပ်လျဉ်း၍ သတ်မှတ်ခြင်း**

၁၁။ ပဋိညာဉ်ပါစည်းကမ်းချက်များမှ ခြားနားသော ရည်ရွယ်ချက် ပေါ်ပေါက်ခြင်းမရှိလျှင် ငွေပေးချေခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များသည် အရောင်းပဋိညာဉ်တစ်ရပ်၏ အဓိက စည်းကမ်းချက် ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။ အချိန်နှင့်စပ်လျဉ်းသည့် အခြားသတ်မှတ်ချက်တစ်ရပ်ရပ်သည် ပဋိညာဉ်၏ အဓိက စည်းကမ်းချက် ဖြစ်သည် မဖြစ်သည် ဆိုခြင်းမှာ ပဋိညာဉ်ပါ စည်းကမ်းချက်များ အပေါ်တွင် တည်သည်။

**စည်းကမ်းချက်နှင့်အာမခံချက်**

၁၂။ (၁) အရောင်းပဋိညာဉ်၏ အကြောင်းအရာဖြစ်သော "ကုန်"ကို ရည်ညွှန်းသည့် အရောင်းပဋိညာဉ်ပါ သတ်မှတ်ချက်တစ်ရပ်သည် စည်းကမ်းချက် သော်လည်းကောင်း၊ အာမခံချက် သော်လည်းကောင်း ဖြစ်နိုင်သည်။

(၂) စည်းကမ်းချက်တစ်ရပ်သည် ပဋိညာဉ်၏ အဓိကကိစ္စအတွက် မရှိမဖြစ်လိုအပ်သော (အရေးကြီးသော) သတ်မှတ်ချက်တစ်ရပ်ဖြစ်ပြီး ယင်းသတ်မှတ်ချက်ကို ဖောက်ဖျက်သည့် ပဋိညာဉ်ကို ငြင်းပယ်ခြင်းဖြစ်ကြောင်း သတ်မှတ်ရန် အခွင့်အရေးကို ဖြစ်ပေါ်စေသည်။

(၃) အာမခံချက်တစ်ရပ်သည် ပဋိညာဉ်၏ အဓိကကိစ္စနှင့် ဆက်စပ်သော်လည်း အထောက်အကူမျှသာဖြစ်သည့် သတ်မှတ်ချက်ဖြစ်ပြီး ယင်းသတ်မှတ်ချက်ကို ဖောက်ဖျက်ခြင်းသည် နစ်နာမှုအတွက် တောင်းဆိုခွင့်ကို ဖြစ်ပေါ်စေသည်။

သို့ရာတွင် "ကုန်" ကို ပယ်ရန်နှင့် ပဋိညာဉ်ကို ငြင်းပယ်ခြင်းဖြစ်ကြောင်း သတ်မှတ်ရန် အခွင့်အရေးမရှိ။

(၄) အရောင်းပဋိညာဉ်ပါ သတ်မှတ်ချက်တစ်ရပ်သည် စည်းကမ်းချက် ဖြစ်သည် သို့မဟုတ် အာမခံချက် ဖြစ်သည်ဆိုခြင်းမှာ ကိစ္စရပ်တစ်ခုစီ၌ ပဋိညာဉ် တည်ဆောက်မှုအပေါ်တွင်တည်သည် သတ်မှတ်ချက်တစ်ရပ်ကို ပဋိညာဉ်၌ အာမခံချက်ဟုခေါ်သော်လည်း စည်းကမ်းချက်ဖြစ်နိုင်သည်။

**စည်းကမ်းချက်များကို အာမခံချက်အဖြစ် မည်သည့်အခါသတ်မှတ်နိုင်ခြင်း**

၁၃။ (၁) အရောင်းပဋိညာဉ်တစ်ရပ်သည် ရောင်းသူက ဆောင်ရွက်ရန်ရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို အထောက်အထားပြုရမည့်ကိစ္စတွင် ဝယ်သူသည် ယင်းစည်းကမ်းချက်ကို စွန့်လွှတ်နိုင်သည်။ သို့မဟုတ် ယင်းစည်းကမ်းချက် ဖောက်ဖျက်မှုကို ပဋိညာဉ် ငြင်းပယ်ခြင်းအတွက် အကြောင်းပြချက်အဖြစ် မသတ်မှတ်ဘဲ အာမခံချက်ဖျောက်ဖျက်မှုအတွက် သတ်မှတ်ရန်ရွေးချယ်နိုင်သည်။

(၂) အရောင်းပဋိညာဉ်တစ်ရပ်ကို မခွဲခြမ်းနိုင်သည့်အပြင် ဝယ်သူသည် ကုန် သို့မဟုတ် ကုန်တစ်စိတ်တစ်ဒေသကို လက်ခံပြီးဖြစ်သည့်ကိစ္စတွင်သော်လည်းကောင်း၊ ဝယ်သူထံ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့် ကူးပြောင်းသွားပြီးဖြစ်သော သီးခြား သတ်မှတ်ထားပြီး ကုန်အတွက် ပဋိညာဉ်ဖြစ်သည့်ကိစ္စတွင်သော်လည်းကောင်း အတိအလင်းဖြစ်စေ၊ အဓိပ္ပါယ်သက်ရောက်မှုအရဖြစ်စေ ထိုကဲ့သို့သတ်မှတ်ခြင်းမပြုရန် ပဋိညာဉ် စည်းကမ်းချက် မရှိလျှင် ရောင်းသူကဆောင်ရွက်ရမည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းအား ကုန် ကို ပယ်ခြင်းအတွက်လည်းကောင်း၊ ပဋိညာဉ်ကို ငြင်းပယ်မှုအဖြစ် သတ်မှတ်ခြင်းအတွက် လည်းကောင်း အကြောင်းပြချက်အဖြစ် မသတ်မှတ်ဘဲ အာမခံချက်ဖောက်ဖျက်မှုအဖြစ်သာလျှင် သတ်မှတ်နိုင်သည်။

(၃) စည်းကမ်းချက် သို့မဟုတ် အာမခံချက်တစ်ရပ်ရပ်အား ဖြည့်ဆည်းဆောင်ရွက်ခြင်းကို မဖြစ်နိုင်ခြင်းဟူသောအကြောင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ဥပဒေ က ကင်းလွတ်ခွင့်ပြုထားသည့် အမှုတစ်စုံတစ်ရာအား ဤပုဒ်မပါမည်သည့်အချက်ကမျှ ထိခိုက်ခြင်းမရှိစေရ။

**ပိုင်ဆိုင်ခွင့်စသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ခံသည့်အဓိပ္ပါယ်သက်ရောက်ခြင်း**

၁၄။ အရောင်းပဋိညာဉ်တစ်ရပ်တွင် ပဋိညာဉ်၏ အချက်အလက်များကို ကွဲပြားခြားနားသော ရည်ရွယ်ချက်ကို ဖော်ညွှန်းပြသခြင်းမရှိလျှင် -

(က) ရောင်းခြင်းဖြစ်ပါက ရောင်းသူသည် ကုန်ကိုရောင်းရန် အခွင့်အရေးရှိသည်ဟူ၍လည်းကောင်း၊ ရောင်းရန် သဘောတူညီခြင်းဖြစ်ပါက ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကူးပြောင်းသည့်အခါ ရောင်းသူသည် ကုန်ကို ရောင်းရန်အခွင့်အရေး ရှိလိမ့်မည်

ဟူ၍လည်းကောင်း၊ အဓိပ္ပါယ်သက်ရောက်သည့် (သွယ်ဝိုက်ဖော်ပြသည့်) စည်းကမ်းချက်ရှိသည်။

(ခ) ဝယ်သူသည် အေးချမ်းစွာကုန်ကို လက်ဝယ်ထားရှိပြီး ခံစားခွင့်ရှိသည်ဟု အဓိပ္ပါယ်သက်ရောက်သည့် အာမခံချက်ရှိသည်။

(ဂ) ပဋိညာဉ်ပြုချိန်တွင်ဖြစ်စေ၊ မပြုမီအချိန်တွင်ဖြစ်စေ ထုတ်ဖော်ကြေငြာထားခြင်းမရှိသော သို့မဟုတ် ဝယ်သူအား အသိပေးထားခြင်းမရှိသော တတိယပုဂ္ဂိုလ် (သူတပါး) အား ပေးရမည့် အခကြေးငွေ သို့မဟုတ် ကြွေးမြီကင်းရှင်းသည့် ကုန် ဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် အာမခံချက်ရှိသည်။

**ကုန်အမျိုးအမည်ဖော်ပြချက်နှင့်ရောင်းခြင်း**

၁၅။ အမျိုးအမည်ဖော်ပြ၍ ကုန်ကိုရောင်းချခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင် "ကုန်" သည် ဖော်ပြထားချက်နှင့်ကိုက်ညီရမည်ဟု အဓိပ္ပါယ်သက်ရောက်သည့် စည်းကမ်းချက်ရှိသည်။ နမူနာပြ၍ လည်းကောင်း၊ အမျိုးအမည်ဖော်ပြ၍လည်းကောင်း ရောင်းခြင်းဖြစ်လျှင် "ကုန်" သည် ဖော်ပြထားချက်နှင့် ကိုက်ညီမှုမရှိပါက ကုန်အများစုသည် နမူနာနှင့် ကိုက်ညီမှုရှိရုံမျှဖြင့် လုံလောက်ခြင်းမရှိ။

**အရည်အသွေး သို့မဟုတ် သင့်လျော်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပါယ်သက်ရောက်သည့် စည်းကမ်းချက်များ**

၁၆။ ဤအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိလျှင် အရောင်းပဋိညာဉ်တစ်ရပ်အရ ပေးအပ်သောကုန်၏ အရည်အသွေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သတ်မှတ်ထားသည့်ကိစ္စအတွက် သင့်လျော်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ အာမခံချက် သို့မဟုတ် စည်းကမ်းချက်ရှိသည်ဟူ၍ အောက်ပါကိစ္စများတွင် မှတပါး အဓိပ္ပါယ်သက်ရောက်ခြင်းမရှိစေရ -

(၁) ဝယ်သူသည် ရောင်းသူ၏ ကျွမ်းကျင်လိမ္မာမှု (သို့မဟုတ်) ဝေဖန်ပိုင်းခြားမှု အပေါ်တွင် ယုံကြည်အားထားသည်ဆိုခြင်းကို ပြသသည့်အနေဖြင့် မည်သည့်ကိစ္စအတွက် ကုန်ကို အလိုရှိခြင်းဖြစ်ကြောင်း အတိအလင်းဖြစ်စေ၊ အဓိပ္ပါယ် သက်ရောက်မှုအရဖြစ်စေ၊ ရောင်းသူအား အသိပေးထားသည့်အပြင် "ကုန်"သည်လည်း ရောင်းသူ၏ လုပ်ငန်းတွင်ပေးအပ်မြဲ (ရောင်းချမြဲ) ဖြစ်သော ကုန်အမျိုးအစားဖြစ်သည့် ကိစ္စတွင် (ရောင်းသူသည် ကုန်ပြုလုပ်သူ သို့မဟုတ် ထုတ်လုပ်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ကုန်သည် အဆိုပါကိစ္စအတွက် ထိုက်သည့်အားလျော်စွာ သင့်လျော်မှုရှိရမည်ဟူ၍ အဓိပ္ပါယ်သက်ရောက်သည့် စည်းကမ်းချက်ရှိသည်။ သို့ရာတွင် သီးခြားသတ်မှတ်ထားသည့် ပစ္စည်းတစ်ခုကို တီထွင်မှုပိုင်ခွင့်အမည်ဖြင့်ဖြစ်စေ၊ အခြားကုန်သွယ်မှုအမည် (ကုန်အမည်တံဆိပ်) ဖြင့်ဖြစ်စေ ရောင်းချခြင်းအတွက် ပဋိညာဉ်ရှိသည့် ကိစ္စတွင် သတ်မှတ်ထားသော ကိစ္စတစ်ရပ်ရပ်အတွက် သင့်လျော်မှုရှိသည်ဟူ၍ အဓိပ္ပါယ်သက်ရောက်သည့် စည်းကမ်းချက်မရှိစေရ။

(၂) အလားတူကုန်အမျိုးအစားကို ရောင်းဝယ်လေ့ရှိသည့် ရောင်းသူထံမှ အမျိုးအမည်ကိုဖော်ပြ၍ ကုန်ဝယ်သည့်ကိစ္စတွင် (ရောင်းသူသည် ကုန်ပြုလုပ်သူ သို့မဟုတ် ထုတ်လုပ်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) "ကုန်" သည် ရောင်းဝယ်ဖောက်ကားနိုင်သောအရည်အသွေးရှိရမည်ဟူ၍ အဓိပ္ပါယ်သက်ရောက်သည့်စည်းကမ်းချက်ရှိသည်။ သို့ရာတွင် ဝယ်သူသည် ကုန်ကို ကြည့်ရှုစစ်ဆေးပြီးဖြစ်လျှင် ယင်းသို့ကြည့်ရှုစစ်ဆေးရာမှ ဖော်ထုတ်တွေ့ရှိနိုင်မည့် ချို့ယွင်းချက်နှင့် စပ်လျဉ်းသည့်စည်းကမ်းချက်ရှိသည်ဟူ၍ အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရ။

(၃) အရည်အသွေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သတ်မှတ်ထားသောကိစ္စအတွက် သင့်လျော်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ စည်းကမ်းချက် သို့မဟုတ် အာမခံချက်ရှိသည်ဟူ၍ အဓိပ္ပါယ်သက်ရောက်ခြင်းကို ကုန်သွယ်မှုဓလေ့ထုံးစံများဖြင့် ဖြည့်စွက်နိုင်သည်။

(၄) တစ်ခုနှင့်တစ်ခု မညီမညွတ်ရှိသည် မဟုတ်လျှင် အတိအလင်းဖြစ်သော အာမခံချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်သည် ဤအက်ဥပဒေအရ အဓိပ္ပါယ်သက်ရောက်စေသည့် အာမခံချက် သို့မဟုတ် စည်းကမ်းချက်ကို ပယ်ဖျက်ခြင်းမရှိ။ (ပျက်ပြယ်စေမည်မဟုတ်)

**နမူနာပြ၍ရောင်းခြင်း**

၁၇။ (၁) ပဋိညာဉ်တစ်ရပ်တွင် နမူနာပြ၍ ရောင်းခြင်းဖြစ်ကြောင်း အတိအလင်းဖြစ်စေ၊ အဓိပ္ပါယ် သက်ရောက်မှုအရဖြစ်စေ၊ ဖော်ပြချက်ပါရှိပါက ယင်းပဋိညာဉ်သည် နမူနာပြ၍ ရောင်းခြင်းအတွက် ပဋိညာဉ်ဖြစ်သည်။

(၂) နမူနာပြ၍ ရောင်းခြင်းအတွက် ပဋိညာဉ်တွင်

(က) "ကုန်" အများစုသည် အရည်အသွေးအရ နမူနာနှင့်ကိုက်ညီရမည် ဟူ၍လည်းကောင်း၊

(ခ) ဝယ်ယူသည့်ကုန်အများစုကို နမူနာနှင့် နှိုင်းယှဉ်စစ်ဆေးရန် ထိုက်သင့်သည့် အခွင့်အရေး ရရှိရမည် ဟူ၍လည်းကောင်း၊

(ဂ) "ကုန်"သည် နမူနာကို ထိုက်သည့်အားလျော်စွာ ကြည့်ရှုစစ်ဆေးခြင်းဖြင့် မမြင်သာသော ရောင်းဝယ်ဖောက်ကားရန် မဖြစ်နိုင်သည့် ချွတ်ယွင်းချက်မှ ကင်းလွတ်ရမည်ဟူ၍လည်းကောင်း၊ အဓိပ္ပါယ်သက်ရောက်သည့် စည်းကမ်းချက်ရှိသည်။

## အခန်း(၃)
## ပဋိညာဉ်၏အကျိုးသက်ရောက်မှုများ
## ရောင်းသူနှင့်ဝယ်သူအကြားကုန်ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်း

### ကုန်ကိုအသေအချာသိရအောင်ပြုလုပ်ရခြင်း

၁၈။ အသေအချာမသိရသေးသောကုန်ကို ရောင်းခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင် (ကုန်ကို အသေအချာသိရအောင် မပြုလုပ်ရသေးပါက ယင်းသို့ပြုလုပ်ပြီးသည့်အချိန်ထိ) (ကုန်ကို အသေအချာသိရအောင်မပြုလုပ်သေးသမျှ) ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံ လွှဲပြောင်းသွားခြင်း မရှိ။

### ပိုင်ဆိုင်ခွင့်သည် ရည်ရွယ်သောအချိန်၌ကူးပြောင်းခြင်း

၁၉။ (၁) သီးခြားသတ်မှတ်ထားပြီးကုန် သို့မဟုတ် အသေအချာသိရပြီး ကုန်ကိုရောင်းခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင် ၎င်းကုန်ပစ္စည်းများကို ပိုင်ဆိုင်ခွင့်သည် ပဋိညာဉ်ပြုသူတို့က လွှဲပြောင်းရန် ရည်ရွယ်သည့်အချိန်တွင် ဝယ်သူထံသို့လွှဲပြောင်းသည်။

(၂) ပဋိညာဉ်ပြုသူများ၏ ရည်ရွယ်ချက်ကို စိစစ်ဆုံးဖြတ်ရန်အလို့ငှာ ပဋိညာဉ်ပါစည်းကမ်းချက်များ၊ ပဋိညာဉ်ပြုသူများ၏ အပြုအမူနှင့် အမှု၏ပတ်ဝန်းကျင် အခြေအနေများတို့ကို ထည့်သွင်းစဉ်းစားရမည်။

(၃) ကွဲပြားခြားနားသော ရည်ရွယ်ချက် ပေါ်ပေါက်ခြင်းမရှိလျှင် ပုဒ်မ ၂၀ မှ ၂၄ အထိတွင် ပါရှိသော ဥပဒေများသည် မည်သည့်အချိန်၌ ဝယ်သူထံသို့ ပစ္စည်းပိုင်ဆိုင်ခွင့် ကူးပြောင်းရန်ဖြစ်သည်ဆိုခြင်းနှင့်စပ်လျဉ်းသည့်ပဋိညာဉ်ပြုသူများ၏ရည်ရွယ်ချက်ကို စိစစ်ဆုံးဖြတ်ခြင်းအတွက် ဥပဒေသများဖြစ်ရမည်။

### ပေးအပ်နိုင်သည့် အခြေအနေတွင်ရှိသော သီးခြားသတ်မှတ်ထားပြီးကုန်

၂၀။ ပေးအပ်နိုင်သောအခြေအနေတွင်ရှိသည့် သီးခြားသတ်မှတ်ထားပြီးကုန်ကို ရောင်းခြင်းအတွက် စည်းကမ်းကန့်သတ်ချက်မထားရှိသော ပဋိညာဉ်ရှိသည့်ကိစ္စတွင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ပဋိညာဉ်ကို ပြုလုပ်သည့်အချိန်၌ ဝယ်သူထံသို့ကူးပြောင်းသွားသည်။ ကုန်ဖိုးငွေကို ပေးချေ ရမည့်အချိန်ကိုဖြစ်စေ၊ ကုန်ကိုပေးအပ်ရမည့်အချိန်ကိုဖြစ်စေ၊ ယင်းကိစ္စနှစ်ရပ်စလုံးကိုဖြစ်စေ ရွှေ့ဆိုင်းခြင်း ရှိ/မရှိသည် အဓိက မဟုတ်။

### သီးခြားသတ်မှတ်ထားပြီးကုန်ကို ပေးအပ်နိုင်သော အခြေအနေတွင် ထားရှိပေးရန်လိုခြင်း

၂၁။ သီးခြားသတ်မှတ်ထားပြီးကုန်ကို ရောင်းခြင်းအတွက် ပဋိညာဉ်ဖြစ်သည့်အပြင် ကုန်ကို ပေးအပ်နိုင်သော အခြေအနေတွင်ရှိစေရေးအတွက် ရောင်းသူက တစ်စုံတစ်ရာ ပြုလုပ်ပေးရမည့် တာဝန်ရှိသည်။ ကိစ္စတွင် ယင်းသို့ပြုလုပ်ပြီးသည့်အပြင် ယင်းသို့ပြုလုပ်ပြီးကြောင်းကို ဝယ်သူကလည်း သိရှိပြီးသည့်အချိန်အထိ (ယင်းသို့ပြုလုပ်မပြီးမီနှင့် ယင်းသို့ပြုလုပ်ပြီးကြောင်း ဝယ်သူက

မသိရှိမီ) ကုန်ပစ္စည်းပိုင်ဆိုင်ခွင့် ကူးပြောင်းသွားခြင်းမရှိ ကုန်ဖိုးငွေကိုသတ်မှတ်ရန်အတွက် ရောင်းသူက တစ်စုံတစ်ရာပြုလုပ်ရမည့် ပေးအပ်နိုင်သော အခြေအနေတွင်ရှိသည့် သီးခြားသတ်မှတ်ထားပြီးကုန်။

၂၂။ ပေးအပ်နိုင်သည့်အခြေအနေတွင်ရှိသော သီးခြားသတ်မှတ်ထားပြီးကုန်ကို ရောင်းခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင် တန်ဖိုးငွေ တွက်ချက်သတ်မှတ်ရေးအတွက် ရောင်းသူသည် ကုန်ကို ချိန်တွယ်ရန်၊ ချင်တွယ်တိုင်းတာရန်၊ စမ်းသပ်ရန် သို့မဟုတ် ကုန်နှင့်စပ်လျဉ်း၍ အခြားပြုလုပ်မှုတစ်ခုခုကိုဖြစ်စေ၊ အခြားအရာတစ်ခုခုကိုဖြစ်စေ ပြုလုပ်ရန်တာဝန်ရှိပါက ယင်းသို့ပြုလုပ်ပြီးသည့်အပြင် ဝယ်သူကလည်း ယင်းသို့ပြုလုပ်ပြီးကြောင်းသိရှိသည့်အချိန်အထိ (ယင်းသို့ပြုလုပ်မပြီးမီနှင့် ယင်းသို့ပြုလုပ်ပြီးကြောင်း ဝယ်သူကမသိရှိမီ) ကုန်ပစ္စည်းပိုင်ဆိုင်ခွင့် ကူးပြောင်းသွားခြင်းမရှိ။

**အသေအချာမသိရသေးသောကုန်ကို ရောင်းချခြင်းနှင့် သီးသန့်ခွဲခြားလျာထားခြင်း**

၂၃။ (၁) အသေအချာမသိရသေးသော ကုန် သို့မဟုတ် အနာဂတ်ကုန်ကို အမျိုးအမည်ဖော်ပြချက်ဖြင့် ရောင်းခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင် ဝယ်သူ၏သဘောတူညီချက်ဖြင့် ရောင်းသူကဖြစ်စေ၊ ရောင်းသူ၏သဘောတူညီချက်ဖြင့် ဝယ်သူကဖြစ်စေ၊ ပေးအပ်နိုင်သည့် အခြေအနေတွင်ရှိသော ထိုကုန်အမျိုးအစားကို စည်းကမ်းသတ်မှတ်ချက် မထားရှိဘဲ ပဋိညာဉ် အလို့ငှာ သီးသန့်ခွဲခြားလျာထား (ဖယ်ထား) ပြီးသည့်အခါ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံကူးပြောင်းသည်။ ယင်းသဘောတူညီချက်သည် အတိအလင်းသော်လည်းကောင်း၊ အဓိပ္ပါယ်သက်ရောက်မှုအရသော်လည်းကောင်းဖြစ်နိုင်သည့်အပြင် ကုန်ကို သီးသန့် ခွဲခြားလျာထားခြင်းမပြုမီဖြစ်စေ၊ ပြုပြီးမှဖြစ်စေ၊ ယင်းသဘောတူညီချက်ကို ပေးနိုင်သည်။

**သယ်ယူပို့ဆောင်သူသို့ပေးအပ်ခြင်း**

(၂) ရောင်းသူသည် ပဋိညာဉ်ကို လိုက်နာလျက် ကုန်ကို ဝယ်သူထံတင်ပို့ရန်အလို့ငှာ ဝယ်သူ သို့မဟုတ် သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံသူ (ဝယ်သူက အမည် သတ်မှတ်ပေးသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ထံသို့ ကုန်ကို ပေးအပ်သည့်အပြင် ကုန်ကို စီမံခန့်ခွဲနိုင်သည့် အခွင့်အရေးကိုလည်း သီးသန့်ရယူထားခြင်းမရှိပါက ထိုသူသည် စည်းကမ်းသတ်မှတ်ချက်မထားရှိဘဲ ပဋိညာဉ်နှင့်အညီ ကုန်ကို သီးသန့်ခွဲခြား လျာထားသည်ဟု မှတ်ယူရမည်။

**"ကြိုက်လျှင်ဝယ်" ရန် သို့မဟုတ် "ဝယ်လျှင်ဝယ်၊ မဝယ်လျှင်ပြန်ပို့" ရန် ပေးပို့သောကုန်**

၂၄။ "ကြိုက်လျှင်ဝယ်" သို့မဟုတ် "ဝယ်လျှင်ဝယ်၊ မဝယ်လျှင်ပြန်ပို့" သို့မဟုတ် အခြားအလားတူ စည်းကမ်းချက်များဖြင့် ဝယ်သူအားကုန်ကို ပေးအပ်သောအခါ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် (အောက်ပါအခြေအနေတွင်) ဝယ်သူထံကူးပြောင်းသည် -

(က) ဝယ်သူကသဘောကျကြောင်း သို့မဟုတ် လက်ခံကြောင်း ရောင်းသူအား ထုတ်ဖော်ပြသသည့်အခါ သို့မဟုတ် အရောင်းအဝယ်ကို လက်ခံကြောင်းပြသည့် အခြားပြုလုပ်မှု တစ်ခုခုကို ပြုလုပ်သည့်အခါ။

(ခ) ဝယ်သူသည် သဘောကျကြောင်း သို့မဟုတ် လက်ခံကြောင်းကို ရောင်းသူအား ထုတ်ဖော်ပြသခြင်းမရှိသော်လည်း ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းမပြုဘဲ ကုန်ကိုရယူထားပါက ကုန်ကိုပြန်ပို့ရန် အချိန်သတ်မှတ်ထားလျှင် ယင်းအချိန် ကုန်ဆုံးသည့်အခါ၊ အချိန်သတ်မှတ်ထားခြင်းမရှိလျှင် ထိုက်သင့်သောအချိန် ကုန်ဆုံးသည့်အခါ(ကုန်) စီမံခန့်ခွဲခွင့်ကို သီးသန့်ရယူထားခြင်း။

၂၅။ (၁) သီးခြားသတ်မှတ်ထားပြီးကုန်ကိုရောင်းခြင်းအတွက် ပဋိညာဉ်ရှိသည့်ကိစ္စတွင်သော်လည်းကောင်း၊ ပဋိညာဉ်ပြုပြီးနောက် ပဋိညာဉ်အလို့ငှာ ကုန်ကို သီးသန့်ခွဲခြားလျာထားမှုပြုသည့်ကိစ္စတွင်သော်လည်းကောင်း၊ ရောင်းသူသည် ပဋိညာဉ် စည်းကမ်းချက်များအရဖြစ်စေ၊ ကုန်ကို သီးသန့်ခွဲခြားလျာထားခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များအရဖြစ်စေ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အချိန်အထိ ကုန်ကို စီမံခန့်ခွဲနိုင်သည့် အခွင့်အရေးကို သီးသန့်ရယူထားခွင့်ရှိသည်။ ဤကိစ္စ၌ ဝယ်သူအားဖြစ်စေ၊ ဝယ်သူထံတင်ပို့ရန် အလို့ငှာ သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံသူအားဖြစ်စေ၊ ကုန်ကို ပေးအပ်ထားစေကာမူ ရောင်းသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီးသည့်အချိန်အထိ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံ ကူးပြောင်းသွားခြင်းမရှိပေ။

(၂) ကုန်ကိုသင်္ဘောဖြင့် တင်ဆောင်သည့်ကိစ္စ ဖြစ်သည့်အပြင် သင်္ဘောကုန်တင်လက်မှတ်အရ ရောင်းသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၏အမိန့်အတိုင်း ကုန်ကို ပေးအပ်ရမည့်ကိစ္စလည်းဖြစ်ပါက ရောင်းသူက ကုန်စီမံခန့်ခွဲခွင့်ကို ရယူထားသည်ဟု အမြင်အားဖြင့် (သာမန်အားဖြင့်) မှတ်ယူသည်။

(၃) ရောင်းသူသည်ဝယ်သူထံမှ တန်ဖိုးငွေထုတ်ယူရန် ငွေလွှဲလက်မှတ်ကို ဝယ်သူအမည်ဖြင့် ရေးသားပြီး ငွေလွှဲလက်မှတ်ကိုလက်ခံရေး သို့မဟုတ် ငွေပေးချေရေးအတွက် အာမခံချက်ရှိစေရန် ငွေလွှဲလက်မှတ်နှင့် သင်္ဘောကုန်တင်လက်မှတ်တို့ကို ဝယ်သူထံသို့ အတူတကွ ပေးပို့သည့်ကိစ္စတွင် ဝယ်သူသည် ငွေလွှဲလက်မှတ်ကို လက်ခံ၍ ငွေချေးခြင်းမပြုပါက သင်္ဘောကုန်တင်လက်မှတ်ကို ပြန်ပို့ရန် တာဝန်ရှိသည်။ ဝယ်သူသည် သင်္ဘောကုန်တင်လက်မှတ်ကို ဥပဒေနှင့်မညီဘဲ (မတရား) ရယူထားလျှင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံကူးပြောင်းခြင်းမရှိ။

**ကုန်ပျက်စီးဆုံးရှုံးမှုအန္တရာယ်သည် သာမန်အားဖြင့် ပိုင်ဆိုင်ခွင့်နှင့်အတူကူးပြောင်းခြင်း**

၂၆။ အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ကုန်ပျက်စီးဆုံးရှုံးမှုအန္တရာယ်သည် ဝယ်သူအား ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းသည့်အချိန်ထိ ရောင်းသူတွင်ရှိသည်။ သို့ရာတွင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကို ဝယ်သူအားလွှဲပြောင်းပေးပြီးသောအခါ ကုန်ကို ပေးအပ်ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ ကုန်ပျက်စီးဆုံးရှုံးမှုအန္တရာယ်သည် ဝယ်သူတွင်ရှိသည်။

သို့ရာတွင်ဝယ်သူ၏အပြစ်ကြောင့်ဖြစ်စေ၊ ရောင်းသူ၏အပြစ်ကြောင့်ဖြစ်စေ၊ ကုန်ပေးအပ်မှုနောက်ကျသည့်ကိစ္စတွင် ထိုအပြစ်ကြောင့်သာ မဟုတ်ပါက ဖြစ်ပေါ်ခဲ့မည် မဟုတ်သော ဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ ကုန်ပစ္စည်းဆုံးရှုံးမှုအန္တရာယ်သည် အပြစ်ပြုလုပ်သူတွင်ရှိသည်။

ထို့အပြင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပဋိညာဉ်ပြုသူ အခြားတစ်ဖက်၏ ကုန်လက်ခံသူအဖြစ် ရောင်းသူ သို့မဟုတ် ဝယ်သူတွင်ရှိသော လုပ်ငန်းတာဝန်များကိုဖြစ်စေ၊ ပေးလျော်ရန်တာဝန်ရှိမှုများကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

## ပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်း

### ပိုင်ရှင်မဟုတ်သောသူကရောင်းခြင်း

၂၇။ ဤအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ပိုင်ရှင်မဟုတ်သောသူက ကုန်ကိုရောင်းချခြင်းဖြစ်သည့်အပြင် ပိုင်ရှင်၏ခွင့်ပြုချက်ဖြင့် သို့မဟုတ် သဘောတူညီချက်ဖြင့် ရောင်းချခြင်းလည်း မဟုတ်သည့်ကိစ္စတွင် ကုန်ပိုင်ရှင်သည် ၎င်း၏အပြုအမူအရ ရောင်းသူ၏ရောင်းရန်အခွင့်အာဏာကို ငြင်းဆိုခြင်းမှပိတ်ပင်ခြင်းမခံရပါက (ငြင်းဆိုခွင့်မရှိပါက) ဝယ်သူသည် ရောင်းသူတွင်ရှိခဲ့သော ကုန်ပိုင်ဆိုင်ခွင့်ထက်ပို၍ ကောင်းသောအခွင့်အရေးကိုရရှိသည် မဟုတ်။

သို့ရာတွင် ကုန်သွယ်မှုကိုယ်စားလှယ်သည် ပိုင်ရှင်၏သဘောတူညီချက်ဖြင့် "ကုန်" သို့မဟုတ် ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းကို လက်ရှိထားသည့်ကိစ္စတွင် ကုန်သွယ်မှု ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ပြုလုပ်သော ၎င်း၏ရောင်းချမှုသည် ၎င်းအား ယင်းသို့ပြုလုပ်ရန် ပိုင်ရှင်က အာဏာလွှဲအပ်ထားဘိသကဲ့သို့ပင် တရားဝင်သည်။ သို့ရာတွင် ဝယ်သူသည် ပဋိညာဉ်ပြုလုပ်ချိန်က ရောင်းသူတွင် ရောင်းချရန် အာဏာမရှိကြောင်း သိရှိခြင်းမရှိသည့်အပြင် သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်ရမည်။

### ပူးပိုင်ဆိုင်သူများအနက်မှ တစ်ဦးကရောင်းချခြင်း

၂၈။ ကုန်ကို ပူးတွဲပိုင်ဆိုင်သူ အများရှိသည့်အနက်မှ တစ်ဦးသောသူသည် ပူးတွဲပိုင်ဆိုင်သူများ၏ ခွင့်ပြုချက်ဖြင့် ၎င်းကုန်ကို တစ်ဦးတည်းလက်ဝယ်ထားရှိလျှင် ပဋိညာဉ်ပြုချိန်က ရောင်းသူ၌ရောင်းရန် အခွင့်အာဏာမရှိခြင်းကို မသိရှိဘဲ ထိုပူးတွဲပိုင်ဆိုင်သူထံမှ ရိုးဖြောင့်သောသဘောဖြင့် ဝယ်ယူသူထံ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကူးပြောင်းသည်။

### ပျက်ပြယ်ခွင့်ရသော ပဋိညာဉ်အရ ကုန်ကို လက်ရှိထားသူကရောင်းချခြင်း

၂၉။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၉ သို့မဟုတ် ၁၉-က အရ ပဋိညာဉ်ပြုသူ အခြားတစ်ဖက်၏ ဆန္ဒအလျောက် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်အရ ရောင်းသူသည် ကုန်ကို လက်ဝယ်ထားခွင့်ရရှိထားရာ ရောင်းချချိန်၌ ယင်းပဋိညာဉ်ကို ဖျက်သိမ်းခြင်းမပြုရသေးသည့်အပြင် ဝယ်သူသည်လည်း ရောင်းသူ၏ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့် ချို့တဲ့ခြင်းကို မသိရှိဘဲ သဘောရိုးဖြင့် ဝယ်ယူခြင်းဖြစ်ပါ က ဝယ်သူသည် ခိုင်လုံသော ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကိုရသည်။

**(ကုန်ကို) ရောင်းချပြီးနောက် ရောင်းသူ သို့မဟုတ် ဝယ်သူ၏လက်ဝယ်ထားရှိခြင်း**

၃၀။ (၁) တစ်ဦးတစ်ယောက်သောသူသည် ကုန်ကိုရောင်းချပြီးနောက် ကုန်ကိုဖြစ်စေ၊ ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းများကိုဖြစ်စေ ဆက်လက်၍ လက်ဝယ်ထားရှိသည့်ကိစ္စ သို့မဟုတ် လက်ရှိဖြစ်သည့်ကိစ္စတွင် ထိုသူကဖြစ်စေ၊ ၎င်းကိုယ်စားလှယ် ဆောင်ရွက်သော ၎င်း၏ကုန်သွယ်မှုကိုယ်စားလှယ်ကဖြစ်စေ၊ ရောင်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းဖြင့် ကုန်ကို သို့မဟုတ် ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းများကို ယခင်ရောင်းချထားခြင်းကို သိရှိခြင်းမရှိဘဲ သဘောရိုးဖြင့် လက်ခံသောသူတစ်ဦးဦးသို့ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းကို ပြုလုပ်သူအား ထိုကဲ့သို့ပြုလုပ်ရန် ကုန်ပိုင်ရှင်က အတိအလင်း အာဏာလွှဲအပ်ထားပြီး ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်။

(၂) တစ်ဦးတစ်ယောက်သောသူသည် ကုန်ကိုဝယ်ပြီးနောက် သို့မဟုတ် ဝယ်ရန် သဘောတူပြီးနောက် ကုန်ကိုဖြစ်စေ၊ ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းများကိုဖြစ်စေ ရောင်းသူ၏သဘောတူညီချက်ဖြင့် လက်ဝယ်ထားရှိခွင့် ရသည့်ကိစ္စတွင် ထိုသူကဖြစ်စေ၊ ၎င်းကိုယ်စားဆောင်ရွက်သော ၎င်း၏ ကုန်သွယ်မှု ကိုယ်စားလှယ်ကဖြစ်စေ ရောင်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းဖြင့် ကုန်ကို သို့မဟုတ် ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းများကို ကုန်နှင့်စပ်လျဉ်း၍ မူလ ရောင်းသူ၏ ရရန်ရှိသောငွေကို တောင်းဆိုခွင့် သို့မဟုတ် အခြားအခွင့်အရေးတစ်စုံတစ်ရာရှိခြင်းကို သိရှိခြင်းမရှိဘဲ သဘောရိုးဖြင့်လက်ခံသောသူ တစ်ဦးဦးသို့ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ယင်းတောင်းဆိုခွင့် သို့မဟုတ် အခွင့်အရေးပေါ် ပေါက်ခဲ့ခြင်း မရှိဘိသကဲ့သို့ အကျိုးသက်ရောက်သည်။

## အခန်း(၄)

## ပဋိညာဉ်ကိုအကောင်အထည်ဖော်ခြင်း

**ရောင်းသူနှင့်ဝယ်သူတို့၏တာဝန်များ**

၃၁။ အရောင်းပဋိညာဉ်စည်းကမ်းချက်များနှင့်အညီ ကုန်ကိုပေးအပ်ရန်မှာ ရောင်းသူ၏တာဝန်ဖြစ်၍ အဆိုပါကုန်ကို လက်ခံပြီး ၎င်းအတွက်ငွေပေးချေရန်မှာ ဝယ်သူ၏တာဝန်ဖြစ်သည်။

**ငွေပေးချေခြင်းနှင့်(ကုန်)ပေးအပ်ခြင်းသည် တစ်ပြိုင်တည်းဆောင်ရွက်ရမည့်စည်းကမ်းချက်များ ဖြစ်ခြင်း**

၃၂။ အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် ကုန်ကို ပေးအပ်ခြင်းနှင့် ကုန်ဖိုးငွေပေးချေခြင်း တို့ သည် တစ်ပြိုင်တည်းဆောင်ရွက်ရမည့်စည်းကမ်းချက်များဖြစ်သည်။ ဆိုလိုသည်မှာရောင်းသူသည် ကုန်ဖိုးငွေနှင့် ဖလှယ်ရန်အတွက်ဝယ်သူအား

ကုန်ကိုလက်ဝယ်ထားရှိခွင့်ပေးရန် ဆန္ဒရှိရမည့်အပြင် အဆင်သင့်လည်းရှိရမည်။ ဝယ်သူသည်လည်း ကုန်လက်ရှိထားခွင့်နှင့်ဖလှယ်ရန်အတွက် ရောင်းသူအား ကုန်ဖိုးငွေပေးချေရန် ဆန္ဒရှိရမည့်အပြင် အဆင်သင့်လည်းရှိရမည်။

**(ကုန်) ပေးအပ်ခြင်း**

၃၃။ ပေးအပ်ခြင်းအဖြစ်သတ်မှတ်ရန် ပဋိညာဉ်ပြုသူများက သဘောတူညီသည့်အမှုတစ်စုံတစ်ရာ ကိုပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း၊ ဝယ်သူသို့မဟုတ် ဝယ်သူအတွက်ထိန်းသိမ်းထားခွင့်ရသူ တစ်ဦး တစ်ယောက်က ကုန်ကို လက်ရောက်ရရှိစေသည့် အမှုတစ်စုံတစ်ရာကို ပြုလုပ်ခြင်းဖြင့်သော်လည်း ကောင်း၊ ရောင်းချပြီးကုန်ကိုပေးအပ်ခြင်းပြုလုပ်နိုင်သည်။

**(ကုန်) အချို့အဝက်ပေးအပ်ခြင်း၏ အကျိုးသက်ရောက်မှု**

၃၄။ ကုန်အားလုံးကိုပေးအပ်ရေးအတွက် အလီလီပြုလုပ်ဆောင်ရွက်နေစဉ် ကုန်အချို့အဝက်ကို ပေးအပ်ခြင်းသည် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်ကူးပြောင်းမှုကိစ္စအလို့ငှာ ကုန်အားလုံးကိုပေးအပ်ခြင်းကဲ့သို့ တူညီသောအကျိုးသက်ရောက်မှုရှိသည်။ သို့ရာတွင်ကုန်အားလုံးမှခွဲထုတ်ရန်ရည်ရွယ်ချက်ဖြင့် ကုန် အချို့အဝက်ကို ပေးအပ်ခြင်းသည် လက်ကျန်ကုန်ကိုပေးအပ်ခြင်းအဖြစ်ပြုလုပ်ခြင်းမဟုတ်။

**(ကုန်) ပေးအပ်ရန်အတွက် ဝယ်သူကတောင်းဆိုရန်ဖြစ်ခြင်း**

၃၅။ အတိအလင်းပဋိညာဉ်ရှိသည့်ကိစ္စတွင်မှတစ်ပါး ကုန်ကိုပေးအပ်ရန်ဝယ်သူကတောင်းဆိုခြင်းမ ပြုမီ ရောင်းသူကပေးအပ်ရန်တာဝန်မရှိ။

**(ကုန်) ပေးအပ်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

၃၆။ (၁) ဝယ်သူကကုန်ကိုလက်ရောက်ရယူရမည် သို့မဟုတ် ရောင်းသူကဝယ်သူထံသို့ကုန်ကိုပေး ပို့ရမည်ဆိုသည့်အချက်သည် ကိစ္စရပ်တစ်ခုချင်းတွင် ပဋိညာဉ်ပြုသူတို့အကြား အတိ အလင်းပြုလုပ်ထားသည် သို့မဟုတ် ပြုလုပ်ထားရာရောက်သည့် ပဋိညာဉ်အပေါ်တွင် မူတည်နေသည့်ပြဿနာဖြစ်သည်။ ယင်းကဲ့သို့သောပဋိညာဉ်တစ်ရပ်ရပ်ရှိသည့် ကိစ္စတွင် မှ တပါးရောင်းချပြီးသောကုန်ကို ရောင်းချသည့်အချိန်၌ ၎င်းတည်ရှိသောနေရာတွင် ပေးအပ်ရန်ဖြစ်ပြီး ရောင်းချရန်သဘောတူညီထားပြီးကုန်ကို ရောင်းချရန်သဘောတူညီ သည့်အချိန်၌ ၎င်းတည်ရှိသည့်နေရာတွင်ဖြစ်စေ၊ ထိုအချိန်က အကောင်အထည်ဖြစ် တည်ခြင်းမရှိသေးလျှင် ၎င်းကုန်ကိုပြုလုပ်သည့် သို့မဟုတ် ထုတ်လုပ်သည့်နေရာတွင် ဖြစ်စေ ပေးအပ်ရန်ဖြစ်သည်။

(၂) အရောင်းပဋိညာဉ်အရ ရောင်းသူသည်ဝယ်သူထံသို့ ကုန်ကိုတင်ပို့ရန်တာဝန်ရှိရာ ကုန်ကို တင်ပို့ခြင်းအတွက် အချိန်ကိုသတ်မှတ်ထားခြင်းမရှိသည့်ကိစ္စတွင်

ရောင်းသူသည်လျော်ကန်သင့်မြတ်သည့်အချိန်အတွင်း ကုန်ကိုတင်ပို့ရန်တာဝန်ရှိသည်။

(၃) ရောင်းချသည့်အချိန်၌ "ကုန်"သည် သူတစ်ပါး၏လက်ဝယ်ရှိသည့်ကိစ္စတွင် ထိုသူက ၎င်းသည် ဝယ်သူကိုယ်စားကုန်ကိုထိန်းသိမ်းထားပါသည်ဟူ၍ ဝယ်သူအားဝန်ခံပြော ကြားခြင်းမပြုသေးလျှင် ယင်းသို့ဝန်ခံပြောကြားသည့်ကာလအထိ ရောင်းသူကဝယ်သူထံသို့ပေးအပ်ခြင်းမရှိ။ သို့ရာတွင် ဤပုဒ်မပါမည်သည့်အချက်ကမျှ ကုန်ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းတစ်စုံတစ်ရာကို ထုတ်ပေးသည့် သို့မဟုတ် လွှဲပြောင်း ပေးသည့်စီမံဆောင်ရွက်မှုကို ထိခိုက်ခြင်းမရှိစေရ။

(၄) လျော်ကန်သင့်မြတ်သည့် အချိန်နာရီ၌ပြုလုပ်ခြင်းမဟုတ်လျှင် ပေးအပ်ရန်တောင်းဆိုမှု သို့မဟုတ် ပေးအပ်မှုပြုလုပ်ခြင်းသည် အကျိုးသက်ရောက်မှုမရှိဟု သတ်မှတ်နိုင်သည်။ လျော်ကန်သင့်မြတ်သောအချိန်နာရီသည် မည်သည့်အချိန်နာရီဖြစ်သည်ဆိုခြင်းမှာ အ ကြောင်းခြင်းရာပြဿနာဖြစ်သည်။

(၅) အခြားနည်းသဘောတူညီထားရှိခြင်းမရှိလျှင် ပေးအပ်နိုင်သည့်အခြေအနေတွင် ကုန်ကို ထားရှိခြင်းအတွက် ကုန်ကျစရိတ်နှင့် ယင်းနှင့်ဆက်စပ်ပေါ်ပေါက်သည့်ကုန်ကျစရိတ် များကို ရောင်းသူက ကျခံရမည်။

**မှားယွင်းသော(ကုန်)ပမာဏပေးအပ်ခြင်း**

၃၇။ (၁) ရောင်းသူသည် ၎င်းကရောင်းချရန်ပဋိညာဉ်ပြုထားသည်ထက်နည်းသော ကုန်ပမာဏ ကို ဝယ်သူအားပေးအပ်သည့်ကိစ္စတွင် ဝယ်သူသည် ၎င်းကုန်ကိုပယ်နိုင်သည်။ သို့ရာတွင် ဝယ်သူသည် ဤသို့ပေးအပ်သည့်ကုန်ကိုလက်ခံလျှင် ၎င်းကုန်အတွက်ပဋိညာဉ်ပါဈေးနှုန်းဖြင့်ပေးချေရမည်။

(၂) ရောင်းသူသည် ၎င်းကရောင်းချရန်ပဋိညာဉ်ပြုထားသည်ထက်ပို၍များသော ကုန်ပမာဏ ကို ဝယ်သူအားပေးအပ်သည့်ကိစ္စတွင် ဝယ်သူသည်ပဋိညာဉ်၌ပါရှိသောကုန်ကို လက်ခံ နိုင်ပြီး ကျန်ကုန်ကိုပယ်နိုင်သည်။ သို့မဟုတ် အားလုံးကိုပယ်နိုင်သည်။

(၃) ရောင်းသူသည် ၎င်းကရောင်းချရန်ပဋိညာဉ်ပြုထားသောကုန်ကို ပဋိညာဉ်၌မပါရှိသည့် အမျိုးအမည်ကွဲပြားခြားနားသော ကုန်နှင့်ရောနှောပြီး ဝယ်သူအားပေးအပ်သည့်ကိစ္စ တွင် ဝယ်သူသည်ပဋိညာဉ်နှင့်ကိုက်ညီသောကုန်ကိုလက်ခံနိုင်ပြီး ကျန်ကုန်ကိုပယ်နိုင် သည် သို့မဟုတ် အားလုံးကိုပယ်နိုင်သည်။

(၄) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုန်သွယ်မှုအလေ့အထနှင့်သော်လည်းကောင်း၊ ပဋိညာဉ်ပြုသူတို့အကြား ပြုလုပ်ထားသည့်အထူးသဘောတူညီချက် သို့မဟုတ် ဆက်ဆံပုံ ဆက်ဆံနည်းနှင့်သော်လည်းကောင်း ညီညွတ်ရမည်။

**အရစ်ကျ(ကုန်)ပေးအပ်ခြင်းများ**

၃၈။ (၁) အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ကုန်ဝယ်သူသည် အရစ်ကျကုန်ပေးအပ်ခြင်း ကိုလက်ခံရန်တာဝန်မရှိ။

(၂) တစ်သီးတစ်ခြားစီ ငွေပေးချေရန်ဖြစ်သော သတ်မှတ်ထားသည့်အရစ်များဖြင့်ပေးအပ်ရ မည့် ကုန်ရောင်းပဋိညာဉ်ရှိရာ ရောင်းသူသည် တစ်ရစ် သို့မဟုတ် အရစ်များပေးအပ်ခြင်း ကိုဖြစ်စေ၊မပြည့်စုံသောပေးအပ်ခြင်းကိုဖြစ်စေ၊ပြုလုပ်မှုမရှိသည့်ကိစ္စတွင်လည်းကော င်း၊ ဝယ်သူသည် တစ်ရစ် သို့မဟုတ် အရစ်များပေးအပ်ခြင်းကိုလက်ခံရန်ဖြစ်စေ၊ ငွေပေးချေ ရန်ဖြစ်စေ၊ လျစ်လျူရှုသည့် သို့မဟုတ် ငြင်းဆိုသည့်ကိစ္စတွင်လည်းကောင်း ပဋိညာဉ် ဖောက်ဖျက်မှုသည် ပဋိညာဉ်တစ်ခုလုံးကိုငြင်းဆိုခြင်းဖြစ်သလား သို့မဟုတ် ပဋိညာဉ် တစ်ခုလုံးကို ငြင်းဆိုခြင်းအဖြစ်သတ်မှတ်ခွင့်မရှိဘဲ လျော်ကြေးငွေတောင်းခံခွင့်ကိုသာ ဖြစ်ပေါ်စေသည့် ခွဲခြမ်းနိုင်သောပဋိညာဉ်ဖောက်ဖျက်မှုဖြစ်သလားဆိုခြင်းသည် အမှုတစ် မှုခြင်းတွင် ပဋိညာဉ်ပါစည်းကမ်းချက်များနှင့် အမှုအခြေအနေများအပေါ်တွင် မူတည်နေ သောပြဿနာဖြစ်သည်။

**သယ်ယူပို့ဆောင်သူ သို့မဟုတ် ဆိပ်ခံတံတားရှင်အား(ကုန်) ပေးအပ်ခြင်း**

၃၉။ (၁) ရောင်းသူသည် အရောင်းပဋိညာဉ်အရ ဝယ်သူထံသို့တင်ပို့ရန်ခွင့်ပြုထားခြင်းခံရသည့် သို့မဟုတ် ကုန်တင်ပို့ရန်လိုအပ်သည့်ကိစ္စတွင် ဝယ်သူထံသို့ပေးပို့ရန်အလို့ငှာ ဝယ်သူက အမည်သတ်မှတ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သယ်ယူပို့ဆောင်သူသို့ ကုန်ပေး အပ်ခြင်းသည်လည်းကောင်း၊ လုံခြုံစွာထိန်းသိမ်းရန်အတွက် ဆိပ်ခံတံတားရှင်သို့ ကုန်ပေးအပ်ခြင်းသည်လည်းကောင်း၊ ဝယ်သူအားကုန်ပေးအပ်ခြင်းဖြစ်သည်ဟု သာမန် အမြင်အရမှတ်ယူသည်။

(၂) ဝယ်သူကအခြားနည်းခွင့်ပြုထားခြင်းမရှိလျှင် ရောင်းသူသည်ကုန်၏သဘောသဘာဝ နှင့်အခြားသောပတ်ဝန်းကျင်အခြေအနေများကို ထောက်ရှုလျက် လျော်ကန်သင့်မြတ် သောပဋိညာဉ်တစ်ရပ်ကို သယ်ယူပို့ဆောင်သူ သို့မဟုတ် ဆိပ်ခံတံတားရှင်နှင့် ဝယ်သူ၏ ကိုယ်စားချုပ်ဆိုရမည်။ ရောင်းသူကဤကဲ့သို့ပြုလုပ်ရန်ပျက်ကွက်လျှင် လမ်းခုလပ်တွင် ဖြစ်စေ၊ ဆိပ်ခံတံတားရှင်ကထိန်းသိမ်းထားစဉ်ဖြစ်စေ ကုန်ပျောက်ဆုံး သို့မဟုတ် ပျက်စီးပါက ဝယ်သူသည် သယ်ယူပို့ဆောင်သူ သို့မဟုတ်

ဆိပ်ခံတံတားရှင်သို့ပေးအပ် ခြင်းကို မိမိအားပေးအပ်ခြင်းအဖြစ်သတ်မှတ်ရန်ငြင်းဆန်နိုင်သည်။ သို့မဟုတ် ရောင်းသူကနစ်နာကြေးပေးရန် တာဝန်ရှိသည်ဟု မှတ်ယူနိုင်သည်။

(၃) အခြားနည်းသဘောတူညီခြင်းမရှိလျင် ပင်လယ်ခရီးပါဝင်သောလမ်းကြောင်းဖြင့် အာမခံ ထားလေ့ရှိသောအခြေအနေ၌ ရောင်းသူကဝယ်သူထံကုန်တင်ပို့သည့်ကိစ္စတွင် ပင်လယ် ခရီးကာလအတွင်း ဝယ်သူကကုန်အတွက်အာမခံထားနိုင်စေရန်အလို့ငှာ ရောင်းသူက ဝယ်သူထံအကြောင်းကြားရမည်။ ရောင်းသူသည် ဤသို့ပြုလုပ်ရန်ပျက်ကွက်ပါက ပင်လယ်ခရီးစဉ်အတွင်း ကုန်ပျက်စီးဆုံးရှုံးမှုအန္တရာယ်သည် ရောင်းသူတွင်ရှိသည်ဟု မှတ်ယူရမည်။

**ကုန်ကိုအခြားတစ်နေရာ၌ပေးအပ်ရာတွင် (ကုန်ပျက်စီးဆုံးရှုံးမှု) အန္တရာယ်အတွက်တာဝန်**

၄၀။ ကုန်ရောင်းသူသည် ကုန်ပျက်စီးဆုံးရှုံးမှုအန္တရာယ်အတွက်တာဝန်ယူလျက်ရောင်းချချိန်က ကုန်တည်ရှိသည့်နေရာမဟုတ်သော အခြားတစ်နေရာ၌ ကုန်ကိုပေးအပ်ရန်သဘောတူညီထားသည့်ကိစ္စ ပင်ဖြစ်သော်လည်း အခြားနည်းသဘောတူညီခြင်းမရှိပါက လမ်းခရီးကြောင့်မလွဲမသွေပေါ်ပေါက်တတ် သော ကုန်ပစ္စည်းယိုယွင်းမှုအတွက်ဝယ်သူကတာဝန်ယူရမည်။

**ဝယ်သူကကုန်ကိုစစ်ဆေးခွင့်**

၄၁။ (၁) ဝယ်သူကကြိုတင်စစ်ဆေးခြင်းမပြုရသေးသောကုန်ကို ၎င်းအားပေးအပ်သည့်ကိစ္စတွင် "ကုန်"သည် ပဋိညာဉ်နှင့်ကိုက်ညီမှုရှိ၊ မရှိ သေချာစွာသိရှိနိုင်ရေးအတွက် ဝယ်သူက ကုန်ကိုစစ်ဆေးရန် ထိုက်သင့်သောအခွင့်အရေးမရရှိသေးပါက ယင်းအခွင့်အရေးကိုရရှိသည့်အချိန်အထိ ဝယ်သူသည်ကုန်ကိုလက်ခံပြီး ဖြစ်သည်ဟုမမှတ်ယူရ။

(၂) အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ရောင်းသူကဝယ်သူအားကုန်ကိုပေးအပ်ရန် ကမ်းလှမ်းသည့်အခါ "ကုန်"သည် ပဋိညာဉ်နှင့်ကိုက်ညီမှု ရှိ/ မရှိသေချာစွာသိရှိနိုင်ရေးအတွက်ကုန်ကိုထိုက်သည့်အားလျော်စွာ စစ်ဆေးခွင့်ပေးရန် ဝယ်သူကတောင်းဆိုပါက ရောင်းသူကခွင့်ပြုရမည့်တာဝန်ရှိသည်။

**(ကုန်ကို) လက်ခံခြင်း**

၄၂။ ကုန်ကိုလက်ခံပြီးကြောင်း ဝယ်သူကရောင်းသူအားအသိပေးသောအခါတွင်ဖြစ်စေ၊ ဝယ်သူ အားကုန်ကိုပေးအပ်ပြီးနောက် ဝယ်သူသည်ကုန်နှင့်စပ်လျဉ်း၍ရောင်းသူ၏ပိုင်ဆိုင်ခွင့်နှင့် ဆီလျော်ခြင်း မရှိသောအမှုတစ်စုံတစ်ရာကိုပြုလုပ်သောအခါတွင်ဖြစ်စေ၊ လျော်ကန်သင့်မြတ်သောအချိန်ကာလကုန် ဆုံးပြီးနောက် ကုန်ကိုပယ်ကြောင်းရောင်းသူအား အသိပေးခြင်းမရှိဘဲကုန်ကို ဆက်လက်ရယူထားသော အခါတွင်ဖြစ်စေ ဝယ်သူသည်ကုန်ကိုလက်ခံပြီးသည်ဟု မှတ်ယူသည်။

**ပယ်သောကုန်ကိုပြန်ပို့ရန် ဝယ်သူတွင်တာဝန်မရှိခြင်း**

၄၃။ ဝယ်သူအားကုန်ကိုပေးအပ်ရာ ဝယ်သူတွင်ငြင်းပယ်နိုင်သည့်အခွင့်အရေးရှိသောကြောင့် ကုန် ကိုလက်ခံရန်ငြင်းဆန်သည့်ကိစ္စတွင် အခြားနည်းသဘောတူညီထားခြင်းမရှိပါက ရောင်းသူထံသို့ကုန် ကိုပြန်ပို့ပေးရန် ဝယ်သူတွင်တာဝန်မရှိ၊ သို့ရာတွင် ကုန်ကိုလက်ခံရန်ငြင်းဆိုကြောင်းရောင်းသူအား အသိပေးလျှင်လုံလောက်သည်။

**ကုန်ပေးအပ်ခြင်းကိုလျစ်လျူရှုမှု သို့မဟုတ် ငြင်းဆန်မှုအတွက် ဝယ်သူ၏ (ပေးလျော်ရန်)တာဝန်**

၄၄။ ရောင်းသူသည်ကုန်ကိုပေးအပ်ရန်ဆန္ဒရှိပြီး အဆင်သင့်လည်းရှိသဖြင့် ကုန်ပေးအပ်ခြင်းကိုရ ယူရန် ဝယ်သူအားမေတ္တာရပ်ခံရာတွင် ဤသို့မေတ္တာရပ်ခံပြီးနောက်ထိုက်သင့်သောအချိန်ကာလအတွင်း ဝယ်သူသည် ကုန်ပေးအပ်ခြင်းကိုရယူခြင်းမရှိပါက ပေးအပ်ခြင်းကိုရယူရန် ဝယ်သူ၏လျစ်လျူရှုမှု သို့မဟုတ် ငြင်းဆန်မှုကြောင့်ပေါ်ပေါက်သောဆုံးရှုံးမှုအတွက် ဝယ်သူသည်ရောင်းသူအား ပေးလျော်ရန် တာဝန်ရှိသည့်အပြင် ကုန်ကိုစောင့်ရှောက်ခြင်းနှင့်ထိန်းသိမ်းခြင်းတို့အတွက် ထိုက်သင့်သောအခကြေး ငွေကိုပေးရန်လည်းတာဝန်ရှိသည်။

သို့ရာတွင် ပေးအပ်ခြင်းကိုရယူရန် ဝယ်သူ၏လျစ်လျူရှုမှု သို့မဟုတ် ငြင်းဆန်မှုသည် ပဋိညာဉ်ကိုငြင်းပယ်ခြင်းဖြစ်စေသည့်ကိစ္စတွင် ဤပုဒ်မပါမည်သည့်အချက်ကမျှ ရောင်းသူ၏အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ။

**အခန်း(၅)**

**ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူ၏အခွင့်အရေးများ**

**"ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ" ၏ အဓိပ္ပါယ်ကိုသတ်မှတ်ခြင်း**

၄၅။ (၁) (က) ကုန်ဖိုးငွေအားလုံးကိုပေးချေပြီးခြင်း သို့မဟုတ် ပေးရန်ကမ်းလှမ်းခြင်းမရှိသေး လျှင်။

(ခ) ငွေလွှဲလက်မှတ် သို့မဟုတ် လွှဲပြောင်းနိုင်သော အခြားစာချုပ်စာတမ်းတစ်ခုကို စည်းကမ်းချက်ထားရှိသော ငွေပေးချေခြင်းအဖြစ် လက်ခံရရှိထားပြီးဖြစ်သော် လည်း ယင်းစာချုပ်စာတမ်းကိုလက်ခံပြီး ငွေပေးချေရန်ငြင်းဆန်ခြင်းကြောင့် သို့မဟုတ် အခြားအကြောင်းကြောင့် ယင်းစာချုပ်စာတမ်းကို လက်ခံသည့်စည်း ကမ်းချက်ကို မဖြည့်ဆည်းနိုင်သေးလျှင်။

ကုန်ရောင်းသူသည် ဤအက်ဥပဒေ၏ အဓိပ္ပါယ်အရ "ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ" ဖြစ်သည်ဟု မှတ်ယူသည်။

တစ်နည်း:

၄၅။ (၁) အောက်ပါကိစ္စများတွင် ကုန်ရောင်းသူသည် ဤအက်ဥပဒေ၏အဓိပ္ပါယ်အရ ကုန်ဖိုးငွေ မရရှိသေးသောရောင်းသူဖြစ်သည်ဟု မှတ်ယူသည် -

(က) ကုန်ဖိုးငွေအားလုံးကို ပေးချေပြီးခြင်း သို့မဟုတ် ပေးကမ်းရန်ကမ်းလှမ်းခြင်း မရှိသေး သည့်ကိစ္စ။

(ခ) ငွေလွှဲလက်မှတ် သို့မဟုတ် လွှဲပြောင်းပေးနိုင်သော အခြားစာချုပ်စာတမ်းတစ်ခု ကို စည်းကမ်းချက်ထားရှိသော ငွေပေးချေခြင်းအဖြစ်လက်ခံထားရှိပြီး ဖြစ်သော် လည်း ယင်းစာချုပ်စာတမ်းကိုလက်ခံပြီး ငွေပေးချေရန်ငြင်းဆန်ခြင်းကြောင့် သို့မဟုတ် အခြားအကြောင်းကြောင့် ယင်းစာချုပ်စာတမ်းကို လက်ခံသည့် စည်းကမ်းချက်ကို မဖြည့်ဆည်းနိုင်သည်ကိစ္စ။

(၂) ဤအခန်းပါ "ရောင်းသူ"ဆိုသည့် စကားရပ်တွင် ရောင်းသူ၏အနေအထားတွင်ရှိသူ တစ်ဦးဦးလည်းပါဝင်သည်။ ဥပမာ(အားဖြင့်) သင်္ဘောကုန်တင်လက်မှတ်ကို ထက်ဆင့် လွှဲပြောင်းပေးခြင်းခံရသည့် ရောင်းသူ၏ကိုယ်စားလှယ်၊ ကုန်ဖိုးငွေကိုကိုယ်တိုင်ပေးချေ ထားသော သို့မဟုတ် ကုန်ဖိုးငွေအတွက်တိုက်ရိုက်တာဝန်ရှိသော ကုန်တင်ပို့သူ သို့မဟုတ် ကိုယ်စားလှယ်တို့ဖြစ်သည်။

**ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူ၏အခွင့်အရေးများ**

၄၆။ (၁) ဤအက်ဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ခြင်းမရှိ လျှင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံကူးပြောင်းပြီးဖြစ်စေကာမူ ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူသည်ဥပဒေ၏အဓိပ္ပါယ်သက်ရောက်မှုအရ ထိုသူအဖြစ် အောက်ပါအခွင့်အရေးများရှိသည် -

(က) ကုန်ကိုလက်ရှိထားစဉ်ကာလအတွင်း ကုန်ဖိုးငွေအတွက် ကုန်ကိုဆက်လက် ထိန်းသိမ်းထားခွင့်။

(ခ) ဝယ်သူသည် ကြွေးမြီးမဆပ်နိုင်သူ(လူမွဲ)ဖြစ်သည့်ကိစ္စတွင် ရောင်းသူသည် ကုန်ကို လက်လွှတ်ပြီးဖြစ်ပါက လမ်းခုလတ်၌ကုန်ကိုတားဆီးခွင့်(သယ်ယူ ပြောင်းရွှေ့ဆဲကုန်ကို တားဆီးခွင့်)

(ဂ) ဤအက်ဥပဒေက ကန့်သတ်သည့်အတိုင်း(ကုန်ကို) ပြန်လည်ရောင်းချခွင့်။

(၂) ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံကူးပြောင်းခြင်းမရှိသေးသောကိစ္စတွင် ကုန်ဖိုးငွေ မရရှိသေးသော ရောင်းသူသည် ၎င်း၏အခြားကုစားခွင့်(သက်သာခွင့်)များအပြင် ဝယ်သူထံ ကုန်ပစ္စည်း ပိုင်ဆိုင်သည့်အခွင့်အရေးဖြစ်သော(ကုန်)ပေးအပ်ခြင်းကို ထိန်းချုပ်ခွင့်(ဆိုင်းထားခွင့်)ရှိသည်။

**ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ၏ ကုန်ထိန်းသိမ်းထားခွင့်**

**ရောင်းသူ၏ ကုန်ထိန်းသိမ်းထားခွင့်**

၄၇။ (၁) ဤအက်ဥပဒေပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် ကုန်ကိုလက်ဝယ်ထားရှိသည့် ကုန်ဖိုး ငွေမရှိသေးသောရောင်းသူသည် အောက်ပါကိစ္စများတွင်ကုန်ဖိုးငွေကို ပေးချေသည့် သို့မဟုတ် ပေးရန်ကမ်းလှမ်းသည့်အချိန်အထိ ကုန်ကိုဆက်လက်၍ထိန်းသိမ်းထားခွင့်ရှိ သည် -

(က) အကြွေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်စုံတစ်ရာသတ်မှတ်ခြင်းမရှိဘဲ ကုန်ကို ရောင်းချထားပြီးကိစ္စ၊

(ခ) ကုန်ကို အကြွေးစနစ်ဖြင့် ရောင်းချထားရာတွင် အကြွေးထားသည့်ကာလ ကုန် ဆုံးသွားပြီးဖြစ်သည့်ကိစ္စ

(ဂ) ဝယ်သူသည် ကြွေးမြီမဆပ်နိုင်သူ (လူမွဲ) ဖြစ်သွားသည့်ကိစ္စ

(၂) ရောင်းသူသည် ဝယ်သူ၏ကိုယ်စားလှယ် (သို့မဟုတ်) ဝယ်သူအတွက် ကုန်လက်ခံထိန်း သိမ်းသူ(ကုန်အပ်နှံခြင်းကိုလက်ခံသူ) အဖြစ် ကုန်ကိုလက်ရှိထားသူဖြစ်စေကာမူ ၎င်း၏ ငွေရရှိရန်အတွက်ကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင်သည့် အခွင့်အရေးကိုကျင့်သုံးခွင့် ရှိသည်။

**(ကုန်)အချို့အဝက်ပေးအပ်ခြင်း**

၄၈။ ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူသည် ကုန်အချို့အဝက်ပေးအပ်ခြင်းကို ပြုလုပ်ပြီးသည့်ကိစ္စ တွင် ကုန်ဆက်လက်ထိန်းသိမ်းခွင့်ကို စွန့်လွှတ်ရန်သဘောတူညီကြောင်း ပြသသည့်အနေဖြင့် ဤသို့ ကုန်အချို့အဝက်ပေးအပ်ခြင်းကို ပြုလုပ်ခဲ့ခြင်းမဟုတ်ပါက ၎င်းရောင်းသူသည် ကုန်ဖိုးငွေရရှိသည့် အချိန်ထိ လက်ကျန်ကုန်ကို ဆက်လက်ထိန်းသိမ်းနိုင်သည့်အခွင့်အရေးကို ကျင့်သုံးခွင့်ရှိသည်။

**ကုန်ဖိုးငွေမရမီကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင်သည့် အခွင့်အရေးရပ်စဲခြင်း**

၄၉။ (၁) အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်သောအခါ ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူသည် ကုန်ကိုဆက်လက်ထိန်းသိမ်း၍ ကုန်ဖိုးငွေတောင်းခံနိုင်သည့်အခွင့်အရေးဆုံးရှုံးနိုင်သည်-

(က) ကုန်စီမံခန့်ခွဲခွင့်ကို သီးသန့်ရယူထားခြင်းမရှိဘဲ ဝယ်သူထံတင်ပို့ရန်အလို့ငှာ ကုန်သယ်ယူပို့ဆောင်သူ (သို့မဟုတ်) အခြားကုန်အပ်နှံခြင်းကိုလက်ခံသူ (ကုန် လက်ခံထိန်းသိမ်းသူ) သို့ ကုန်ပေးအပ်ခြင်း

(ခ) ဝယ်သူ သို့မဟုတ် ကိုယ်စားလှယ်ကဥပဒေနှင့်အညီ ကုန်ကိုလက်ရောက်ရယူခြင်း

(ဂ) အဆိုပါအခွင့်အရေးကို စွန့်လွှတ်ခြင်း

(၂) ကုန်ဖိုးငွေအတွက် ကုန်ကိုဆက်လက်ထိန်းသိမ်းခွင့်ရရှိထားသော ရောင်းသူသည်ကုန်ဖိုး ငွေအတွက် ဒီဂရီရရှိပြီး ဖြစ်သည်ဆိုသော အကြောင်းမျှဖြင့် ၎င်း၏အခွင့်အရေးဆုံးရှုံး မည်မဟုတ်။

**သယ်ယူရွှေ့ပြောင်းဆဲ (ကုန်ကို) တားဆီးခြင်း**

**သယ်ယူပြောင်းရွှေ့ဆဲ(ကုန်ကို) တားဆီးခွင့်**

၅၀။ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ခြင်းမရှိလျှင် ကုန်ဝယ်သူသည်ကြွေးမြီမပေးဆပ် နိုင်သူဖြစ်သွားသည့်အခါ ကုန်ကိုလက်လွှတ်ပြီးဖြစ်သော ကုန်ဖိုးငွေမရရှိသေးသည့် ရောင်းသူသည်သယ် ယူပြောင်းရွှေ့ဆဲကုန်ကို တားဆီးခွင့်ရှိသည်။ ဆိုလိုသည်မှာ "ကုန်"သည် လမ်းခုလပ်တွင်ရှိနေသမျှကာ လအတွင်းရောင်းသူသည် ကုန်ကိုပြန်လည်၍လက်ရောက်ရယူနိုင်သည့်အပြင် ကုန်ဖိုးငွေကိုပေးချေသည် သို့မဟုတ် ပေးရန်ကမ်းလှမ်းသည့်အချိန်အထိ ကုန်ကိုထိန်းသိမ်းထားနိုင်သည်။

**သယ်ယူပြောင်းရွှေ့ဆဲကာလအပိုင်းအခြား**

၅၁။ (၁) ဝယ်သူထံတင်ပို့ရန်အလို့ငှာ ကုန်သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်အပ်နှံခြင်းကို လက်ခံသူ(ကုန်လက်ခံထိန်းသိမ်းသူ)သို့ကုန်ကိုပေးအပ်သည့်အချိန်မှစ၍ ဝယ်သူ သို့မ ဟုတ် ဝယ်သူကိုယ်စား ၎င်း၏ကိုယ်စားလှယ်က ကုန်သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြား ကုန်လက်ခံထိန်းသိမ်းသူထံမှ ကုန်ပေးအပ်ခြင်းကို ရယူသည့်အချိန်အထိ "ကုန်"ကိုသယ်ယူပြောင်းရွှေ့ဆဲဖြစ်သည်ဟု မှတ်ယူသည်။

(၂) ဝယ်သူ သို့မဟုတ် ဝယ်သူ၏ကိုယ်စား ၎င်း၏ကိုယ်စားလှယ်သည် သတ်မှတ်ထားသော ခရီးလမ်းဆုံးမရောက်မီကုန်ပေးအပ်ခြင်းကို လက်ခံရယူလျှင် သယ်ယူပြောင်းရွှေ့ခြင်းပြီး ဆုံးသည်။

(၃) "ကုန်" သည် သတ်မှတ်ထားသောခရီးလမ်းဆုံးသို့ရောက်ရှိပြီးနောက် ကုန်သယ်ယူပို့ ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံထိန်းသိမ်းသူက သူသည်ဝယ်သူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်အတွက် ကုန်ကိုထိန်းသိမ်းထားခြင်းဖြစ်ကြောင်းနှင့် ဝယ်သူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၏ကုန်အပ်နှံခြင်းကိုလက်ခံသူအဖြစ် ကုန်ကိုဆက်လက် ၍ လက်ရှိထားခြင်းဖြစ်ကြောင်း ဝယ်သူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ထံ ဝန်ခံပါက သယ်ယူပြောင်းရွှေ့ခြင်းသည် ပြီးဆုံးသည်။ ခရီးလမ်းဆုံးတစ်ခုသို့ ကုန်ကိုဆက်လက် သယ်ယူရန် ဝယ်သူကညွှန်ပြထားသည်ဆိုသောအချက်သည် အရေးကြီးသည်မဟုတ်။

(၄) ဝယ်သူက ကုန်ကိုပယ်သဖြင့် ကုန်သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံ ထိန်းသိမ်းသူသည် ကုန်ကိုဆက်လက်၍ လက်ဝယ်ထားရှိလျှင် ရောင်းသူကၡင်းကုန်ကို ပြန်လည်လက်ခံရန်ငြင်းဆန်စေကာမူ သယ်ယူပြောင်းရွှေ့ခြင်းသည် ပြီးဆုံးသည်ဟု မမှတ်ယူရ။

(၅) ဝယ်သူက စင်းလုံးငှားရမ်းထားသောသင်္ဘောသို့ ကုန်ကိုပေးအပ်သောအခါမာလိမ်မှူး သည် ကုန်သယ်ယူပို့ဆောင်သူအဖြစ် ကုန်ကိုလက်ရှိထားခြင်းဖြစ်သလား သို့မဟုတ် ဝယ်သူ၏ကိုယ်စားလှယ်အဖြစ်ကုန်ကိုလက်ရှိထားခြင်းဖြစ်သလားဆိုခြင်းမှာ

သီးခြားစီ ဖြစ်သော အမှုတစ်ခုချင်း၏အခြေအနေများပေါ်တွင်မူတည်နေသည့် ပြဿနာဖြစ်သည်။

(၆) ကုန်သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံထိန်းသိမ်းသူက ဝယ်သူ သို့မဟုတ် ဝယ်သူ့ကိုယ်စားငင်း၏ကိုယ်စားလှယ်အား ကုန်ကိုပေးအပ်ရန်ဥပဒေနှင့်မညီ ဘဲ ငြင်းဆိုသည့်ကိစ္စတွင် သယ်ယူပြောင်းရွှေ့ခြင်းပြီးဆုံးသည်ဟု မှတ်ယူသည်။

(၇) ဝယ်သူ သို့မဟုတ် ဝယ်သူ၏ကိုယ်စား ၎င်း၏ကိုယ်စားလှယ်အား ကုန်အချို့အဝက်ကို ပေးအပ်သည့်ကိစ္စတွင် ဤသို့ကုန်အချို့အဝက်ပေးအပ်ခြင်းကို ကုန်အားလုံးအားလက် ဝယ်ထားရှိခွင့်ကို စွန့်လွှတ်ရန်သဘောတူညီကြောင်း ပြသသည့်အခြေအနေများတွင် ပြု လုပ်ခဲ့ခြင်းမဟုတ်ပါက လက်ကျန်ကုန်ကိုသယ်ယူပြောင်းရွှေ့ဆဲတွင် တားဆီးနိုင်သည်။

**သယ်ယူပြောင်းရွှေ့ဆဲ တားဆီးခြင်းကိုမည်သို့ပြုလုပ်ရကြောင်း**

၅၂။ (၁) ကုန်ဖိုးငွေမရရှိသေးသောရောင်းသူသည် ကုန်ကိုအမှန်တကယ်လက်ရောက်ရယူခြင်း (ကာယကံမြောက်ရယူခြင်း) ဖြင့်သော်လည်းကောင်း၊ ကုန်ကိုလက်ဝယ်ထားရှိသော ကုန် သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံထိန်းသိမ်းသူထံသို့ ၎င်း၏တောင်းဆို မှုကို အကြောင်းကြားခြင်းဖြင့်သော်လည်းကောင်း၊ သယ်ယူပြောင်းရွှေ့ဆဲတားဆီးနိုင် သည့် ၎င်း၏အခွင့်အရေးကိုကျင့်သုံးနိုင်သည်။ ယင်းအကြောင်းကြားစာကို အမှန်တ ကယ် ကုန်ကိုလက်ဝယ်ထားရှိသူသို့ဖြစ်စေ၊ သူ၏ပိုင်ရှင်သို့ဖြစ်စေ ပေးပို့နိုင်သည်။ ဝယ်သူထံပေးအပ်ခြင်းကိုအချိန်မီတားဆီးနိုင်ရန် ပိုင်ရှင်ထံအကြောင်းကြားစာပေးပို့ သည့်ကိစ္စတွင် ယင်းအကြောင်းကြားစာအကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ ပိုင်ရှင်က ထိုက်သည့်အားလျော်စွာ လုံ့လစိုက်ခြင်းဖြင့် သူ၏အမှုထမ်း သို့မဟုတ် ကိုယ်စားလှယ် ထံသို့ဆက်သွယ်အကြောင်းကြားနိုင်လောက်သည့်အချိန်နှင့်အခြေအနေတွင် ယင်းအ ကြောင်းကြားစာကို ပေးပို့ရမည်။

(၂) သယ်ယူပြောင်းရွှေ့ဆဲတားဆီးသည့်အကြောင်းကြားစာကို ကုန်လက်ဝယ်ထားရှိသည့် ကုန်သယ်ယူပို့ဆောင်သူ သို့မဟုတ် အခြားကုန်လက်ခံထိန်းသိမ်းသူထံသို့ ရောင်းသူက ပေးပို့သောအခါ ထိုသူသည်ရောင်းသူထံသို့ဖြစ်စေ၊ ရောင်းသူ၏ညွှန်ကြားချက်များနှင့် အညီဖြစ်စေ ကုန်ကိုပြန်လည်ပေးအပ်ရမည်။ ဤသို့ပြန်လည်ပေးအပ်ခြင်းအတွက် ကုန်ကျစရိတ်များကိုရောင်းသူကကျခံစေရမည်။

## ဝယ်သူနှင့်ရောင်းသူကလွှဲပြောင်းခြင်း

**ဝယ်သူက ထပ်ဆင့်ရောင်းခြင်း သို့မဟုတ် ပေါင်နှံခြင်း၏အကျိုးဆက်**

၅၃။ (၁) ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ခြင်းမရှိလျှင် ဝယ်သူကကုန်ကိုရောင်းချ ခြင်း သို့မဟုတ် အခြားသောနည်းဖြင့်စီမံခန့်ခွဲခြင်းသည် ရောင်းသူက သဘောတူညီခြင်း မရှိပါက ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူကကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင် သည့် အခွင့်အရေးကိုဖြစ်စေ၊ သယ်ယူပြောင်းရွှေ့ဆဲတားဆီးနိုင်သည့်အခွင့်အရေးကို ထိခိုက်စေခြင်းမရှိ။

သို့ရာတွင် ဝယ်သူ သို့မဟုတ် ကုန်ပိုင်ရှင်အဖြစ်တစ်ဦးတစ်ယောက်အား ကုန်ပိုင် ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းကိုထုတ်ပေးပြီး သို့မဟုတ် တရားဝင်လွှဲ ပြောင်းပေးပြီးဖြစ်သည့်အပြင် ထိုသူကလည်းယင်းစာရွက်စာတမ်းကို တန်ဖိုးပေး၍ သဘောရိုးဖြင့် ရယူသောသူတစ်ဦးအား လွှဲပြောင်းပေးသည့်ကိစ္စတွင် နောက်ဆုံးဖော်ပြ ထားသည့် ယင်းသို့လွှဲပြောင်းခြင်းသည် ရောင်းချသည့်နည်းဖြင့်(လွှဲပြောင်းခြင်း) ဖြစ်ခဲ့ လျှင် ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ၏ကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင်သည့် သို့မဟုတ် သယ်ယူပြောင်းရွှေ့ဆဲတားဆီးနိုင်သည့်အခွင့်အရေးဆုံးရှုံးသည်။ ထို့အပြင် နောက်ဆုံးဖော်ပြထားသည့် ယင်းသို့လွှဲပြောင်းခြင်းသည် ပေါင်နှံသည့်နည်းဖြင့်ဖြစ်စေ၊ တန်ဖိုးအတွက်အခြားနည်းစီမံခန့်ခွဲခြင်းဖြင့်ဖြစ်စေ လွှဲပြောင်းခြင်းဖြစ်ခဲ့လျှင် လွှဲပြောင်း ပေးခြင်းခံရသူ၏ အခွင့်အရေးများကိုထိခိုက်စေခြင်းမရှိမှသာ ကုန်ဖိုးငွေမရရှိသေးသော ရောင်းသူသည် ကုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်သည့် သို့မဟုတ် သယ်ယူပြောင်း ရွှေ့ဆဲတားဆီးနိုင်သည့်အခွင့်အရေးကိုကျင့်သုံးနိုင်သည်။

(၂) ပေါင်နှံသည့်နည်းဖြင့် လွှဲပြောင်းခြင်းကိစ္စတွင် အပေါင်ခံသူ၏လက်ဝယ်ရှိသည့်အပြင် ဝယ်သူကိုဆန့်ကျင်လျှက်အသုံးပြုနိုင်သော ဝယ်သူပိုင်အခြားကုန်မှဖြစ်စေ၊ အာမခံစာ ချုပ်များမှဖြစ်စေ ရရှိသောငွေဖြင့် အပေါင်ဖြင့်အာမခံထားသော(ချေး) ငွေကို ဖြစ်နိုင်သမျှ ပြေကြေအောင် ပထမဆုံးပေးဆပ်ရန် ကုန်တန်ဖိုးငွေမရရှိသေးသော ရောင်းသူက အပေါင်ခံ သူအားတောင်းဆိုနိုင်သည်။

**ကုန်ဖိုးငွေမရမီကုန်ကိုထိန်းသိမ်းထားခြင်း သို့မဟုတ် သယ်ယူပြောင်းရွှေ့ဆဲကုန်ကိုတားဆီးခြင်းကြောင့် ယေဘူယျအားဖြင့်ရောင်းချခြင်း ပျက်ပြယ်မှုမရှိခြင်း**

၅၄။ (၁) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင် သည့်အခွင့်အရေး သို့မဟုတ်

သယ်ယူပြောင်းရွှေ့ဆဲတားဆီးနိုင်သည့်အခွင့်အရေးကို ကုန်တန်ဖိုးငွေမရရှိသေးသော ရောင်းသူကကျင့်သုံးရုံမျှဖြင့် အရောင်းပဋိညာဉ်သည် ပျက်ပြယ်မည်မဟုတ်။

(၂) "ကုန်" သည် ပျက်စီးလွယ်သည့်အမျိုးအစားဖြစ်သည့်ကိစ္စတွင်ဖြစ်စေ၊ ကုန်ကိုဆက် လက်ထိန်းသိမ်းထားနိုင်သည့်အခွင့်အရေး သို့မဟုတ် သယ်ယူပြောင်းရွှေ့ဆဲတားဆီးနိုင် သည့် အခွင့်အရေးကိုကျင့်သုံးသည့် "ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ" ကပြန်လည် ရောင်းချရန် ၎င်း၏ရည်ရွယ်ချက်ကို သယ်သူထံအကြောင်းကြားသည့်ကိစ္စတွင်ဖြစ်စေ၊ ဝယ်သူသည်ထိုက်သင့်သောအချိန်ကာလအတွင်း ကုန်ဖိုးငွေကိုပေးချေခြင်း သို့မဟုတ် ပေးချေရန်ကမ်းလှမ်းခြင်းမရှိပါက ကုန်ဖိုးငွေမရရှိသေးသောရောင်းသူသည် ထိုက်သင့် သောအချိန်ကာလအတွင်း ကုန်ကိုပြန်လည်ရောင်းချနိုင်သည့်အပြင် ဝယ်သူ၏ပဋိညာဉ် ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်သောဆုံးရှုံးမှုတစ်စုံတစ်ရာအတွက်နစ်နာကြေးကိုလည်း မူလဝယ်သူထံမှ ပြန်လည်တောင်းယူနိုင်သည်။ သို့ရာတွင် ပြန်လည်ရောင်းချရာမှရရှိ သောအမြတ်ငွေတစ်စုံတစ်ရာကို ဝယ်သူကရထိုက်ခွင့်ရှိမည်မဟုတ်။ ယင်းသို့သော အကြောင်းကြားစာကိုမပေးလျှင် ကုန်ဖိုးငွေမရရှိသေးသောရောင်းသူသည် ဆိုခဲ့သည့် နစ်နာကြေးကိုပြန်လည်ရထိုက်ခွင့်ရှိမည်မဟုတ်သည့်အပြင် ပြန်လည်ရောင်းချရာမှရရှိ သော အမြတ်ငွေရှိလျှင်လည်း ဝယ်သူကရထိုက်ခွင့်ရှိရမည်။

(၃) ကုန်ကိုဆက်လက်ထိန်းသိမ်းနိုင်သည့်အခွင့်အရေး သို့မဟုတ် သယ်ယူပြောင်းရွှေ့ဆဲ တားဆီးနိုင်သည့်အခွင့်အရေးကိုကျင့်သုံးသည့်"ကုန်ဖိုးငွေမရရှိသေးသောရောင်းသူ " က ကုန်ကိုပြန်လည်ရောင်းချသည့်ကိစ္စတွင် ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း အကြောင်း ကြားစာကို မူလဝယ်သူသို့မပေးခဲ့စေကာမူ ဝယ်သူသည် မူလဝယ်သူအား ဆန့်ကျင် လျက် ကုန်ကိုပိုင်ထိုက်ခွင့်ရသည်။

(၄) ဝယ်သူကပျက်ကွက်လျှင် ပြန်လည်ရောင်းချခွင့်ကို ရောင်းသူကအတိအလင်းသီးသန့်ရ ယူထားသည့်ကိစ္စတွင် ဝယ်သူ၏ပျက်ကွက်မှုကြောင့် ကုန်ကိုပြန်လည်ရောင်းချရပါက နစ်နာမှုအတွက် ရောင်းသူကတောင်းဆိုနိုင်ခွင့်ကို ထိခိုက်နစ်နာမှုမဖြစ်စေဘဲ မူလ အရောင်းပဋိညာဉ်သည်ပျက်ပြယ်သည်။

## အခန်း(၆)
## ပဋိညာဉ်ဖောက်ဖျက်မှုအတွက် တရားမမှုများ

### ကုန်ဖိုးငွေအတွက် တရားမမှုစွဲဆိုခြင်း

၅၅။ (၁) အရောင်းပဋိညာဉ်တစ်ရပ်အရ ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်သူထံကူးပြောင်းပြီးဖြစ် သည့်အပြင် ပဋိညာဉ်စည်းကမ်းချက်များနှင့်အညီ ကုန်အတွက်ငွေပေးချေရန် ဝယ်သူက ဥပဒေနှင့်မညီဘဲ(မတရား) လျစ်လျူရှုသည့် သို့မဟုတ် ငြင်းဆန်သည့်ကိစ္စတွင် ရောင်း သူသည် ကုန်ဖိုးငွေ(ရရှိရေး) အတွက်ဝယ်သူအားတရားစွဲဆိုနိုင်သည်။

(၂) အရောင်းပဋိညာဉ်တစ်ရပ်အရ ကုန်ပေးအပ်ခြင်း (ရှိ- မရှိ)ကို ထောက်ထားရန်မလိုဘဲ အတိအကျသတ်မှတ်ထားသောနေ့တစ်နေ့တွင် ကုန်ဖိုးငွေကိုပေးချေရန်ဖြစ်ပါလျှက် ဝယ်သူသည် ၎င်းကုန်ဖိုးငွေကို ပေးချေရန် ဥပဒေနှင့်မညီဘဲ လျစ်လျူရှုသည် သို့မဟုတ် ငြင်းဆန်သည့်ကိစ္စတွင် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့် ကူးပြောင်းခြင်းမရှိသေးသည့်အပြင် ပဋိညာဉ်နှင့်အညီ ကုန်ကိုသီးသန့်ခွဲခြားလျာထားရခြင်းမရှိသေးသော်လည်း ရောင်းသူ သည်ကုန်ဖိုးငွေ(ရရှိရေး) အတွက် ဝယ်သူအားတရားစွဲဆိုနိုင်သည်။

**(ကုန်) လက်မခံခြင်းအတွက်နစ်နာကြေး**

၅၆။ ကုန်ကိုလက်ခံရန်နှင့် ကုန်အတွက်ငွေပေးချေရန် ဝယ်သူကဥပဒေနှင့်မညီဘဲ လျစ်လျူရှုသည် သို့မဟုတ် ငြင်းဆိုသည့်ကိစ္စတွင် ကုန်ကိုလက်မခံသည့်အတွက် နစ်နာကြေးရလိုမှုဖြင့်ရောင်းသူက ဝယ်သူအား တရားစွဲဆိုနိုင်သည်။

**ကုန်မပေးအပ်ခြင်းအတွက်နစ်နာကြေး**

၅၇။ ရောင်းသူသည် ဝယ်သူအား ကုန်ကိုပေးအပ်ရန်ဥပဒေနှင့်မညီဘဲ လျစ်လျူရှုသည် သို့မဟုတ် ငြင်းဆိုသည့်ကိစ္စတွင် ကုန်ကိုပေးအပ်ခြင်းမပြုသည့်အတွက် နစ်နာကြေးရလိုမှုဖြင့် ဝယ်သူကရောင်းသူ အားတရားစွဲဆိုနိုင်သည်။

**ပဋိညာဉ်အတိုင်းဆောင်ရွက်စေခြင်း**

၅၈။ သီးခြားသက်သာခွင့် အက်ဥပဒေအခန်း(၂)တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် သီးခြားသတ်မှတ်ထားပြီးကုန် သို့မဟုတ် အသေအချာသိရပြီးကုန်ကိုပေးအပ်ရန် ပဋိညာဉ်ကို ဖောက်ဖျက်မှုအတွက်စွဲဆိုသောတရားမမှုတွင် တရားလို၏လျှောက်ထားချက်အရ တရားရုံးကသင့် သည်ဟုထင်မြင်ပါက နစ်နာကြေးပေး၍ ကုန်ကိုဆက်လက်ထိန်းသိမ်းထားနိုင်ခွင့်ကို တရားပြိုင်အား ရွေးချယ်ခွင့်မပေးဘဲပဋိညာဉ်အတိုင်းတိကျစွာဆောင်ရွက်ရမည်ဟု တရားရုံးက ၎င်း၏ဒီကရီဖြင့်ညွှန် ကြားနိုင်သည်။ ဒီကရီသည် ကန့်သတ်ချက်မပါရှိသော (ချွင်းချက်မပါရှိသော) ဒီကရီဖြစ်နိုင်သည် သို့မဟုတ် နစ်နာကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကုန်ဖိုးငွေပေးချေခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အခြားနည်း ဖြစ်စေ တရားရုံးက တရားမျှတသည်ဟု ထင်မြင်သည့်အတိုင်းစည်းကမ်းချက်များနှင့် ကန့်သတ်ချက် များပါရှိသောဒီကရီဖြစ်နိုင်သည်။ ထို့အပြင်တရားလို၏လျှောက်ထားချက်ကိုလည်း ဒီကရီမချမှတ်မီ မည်သည့်အချိန်တွင်မဆိုပြုလုပ်နိုင်သည်။

**အာမခံချက်ဖောက်ဖျက်မှုအတွက် ကုစားခြင်း**

၅၉။ (၁) ရောင်းသူက အာမခံချက်ဖောက်ဖျက်သည့်ကိစ္စတွင်ဖြစ်စေ၊ ရောင်းသူဘက်မှစည်းကမ်း ချက်ဖောက်ဖျက်မှုကို အာမခံချက်ဖောက်ဖျက်မှုအဖြစ်သတ်မှတ်ရန်ဝယ်သူက ရွေးချယ် ဆုံးဖြတ်သည့် သို့မဟုတ် ယင်းသို့သတ်မှတ်ရန်အတင်းအကြပ်ပြုခြင်းခံရသည့်ကိစ္စတွင် ဖြစ်စေ၊ အာမခံချက်ဖောက် ဖျက်သည်ဟူသောအကြောင်းသက်သက်မျှဖြင့် ဝယ်သူသည် ကုန်ကိုပယ်ခွင့်မရှိ၊ သို့ရာတွင် ၎င်းသည် -

(က) အာမခံချက်ဖောက်ဖျက်မှုအတွက် ကုန်ဖိုးငွေကိုလျော့ပေးခြင်း သို့မဟုတ် ကုန်ဖိုးငွေနှင့် ချေခြင်းပြုလုပ်ရန် ရောင်းသူထံတောင်းဆိုနိုင်သည်။ သို့မဟုတ်

(ခ) အာမခံဖောက်ဖျက်မှုအတွက် နစ်နာကြေးရလိုမှုဖြင့် ရောင်းသူအားတရားစွဲဆိုနိုင် သည်။

(၂) ဝယ်သူသည် နစ်နာမှုကိုဆက်လက်ခံစားရပါက အာမခံဖောက်ဖျက်မှုအတွက် ကုန်ဖိုးငွေ လျော့ပေးရန်ဖြစ်စေ၊ ကုန်ဖိုးငွေနှင့်ချေရန်ဖြစ်စေ ဝယ်သူကတောင်းဆိုသည် ဆိုသောအ ချက်သည် ယင်းအာမခံချက်ဖောက်ဖျက်မှုအတွက် တရားစွဲဆိုခြင်းမှ ဝယ်သူအားတား ဆီးပိတ်ပင်ခြင်းမရှိစေရ။

**ရက်မစေ့မီပဋိညာဉ်ကိုငြင်းဆိုခြင်း**

၆၀။ (ကုန်) ပေးအပ်ရမည့်နေ့မတိုင်မီ အရောင်းပဋိညာဉ်ပြုသူတစ်ဘက်ဘက်က ပဋိညာဉ်ကိုငြင်းဆို သည့်ကိစ္စတွင် အခြားတစ်ဘက်သည် ပဋိညာဉ်အတည်ဖြစ်ဆဲရှိသည်ဟု သဘောထားလျှက်(ကုန်) ပေး အပ်ရမည့်နေ့အထိ စောင့်ဆိုင်းနိုင်သည်။ သို့မဟုတ်ပဋိညာဉ်ကို ဖျက်သိမ်းပြီးသည်ဟုမှတ်ယူပြီး (ပဋိညာဉ်) ဖောက်ဖျက်မှုအတွက် နစ်နာကြေးရလိုမှုဖြင့် တရားစွဲဆိုနိုင်သည်။

**နစ်နာကြေးအဖြစ် အတိုးနှင့်အထူးနစ်နာကြေး**

၆၁။ (၁) ဥပဒေအရအတိုးသို့မဟုတ် အထူးနစ်နာကြေးကိုပြန်လည်ရယူခွင့်ရှိသောကိစ္စတစ်ရပ်ရပ် တွင် အတိုးသို့မဟုတ် အထူးနစ်နာကြေးကိုပြန်လည်ရယူရန် ရောင်းသူသို့မဟုတ် ဝယ်သူ ၏အခွင့်အရေးကိုဖြစ်စေ၊ ပေးသွင်းပြီးငွေအတွက် ကတိတုံ့ပြန်မှုပျက်ပြယ်သွားပြီးဖြစ် သည့်ကိစ္စတွင် ပေးသွင်းပြီးငွေကို ပြန်လည်ရယူရန်အခွင့်အရေးကိုဖြစ်စေ၊ ဤအက် ဥပဒေ ပါမည်သည့်အချက်ကမျှ ထိခိုက်ခြင်းမရှိစေရ။

(၂) ဆန့်ကျင်ကွဲလွဲသောပဋိညာဉ်မရှိလျှင် အောက်ပါအမှုများတွင် တရားရုံးကသင့်တော်သည်ဟုထင်မြင်သော နှုန်းဖြင့်တန်ဖိုးငွေအပေါ်တွင် အတိုးပေးစေရန်အမိန့်ချမှတ်နိုင် သည် -

(က) ကုန်ဖိုးငွေရရှိရေးအတွက် ရောင်းသူကစွဲဆိုသောအမှုတွင် ကုန်ကိုပေးအပ်ရန် ကမ်းလှမ်းသည့်နေ့ သို့မဟုတ် ကုန်ဖိုးငွေပေးရမည့်နေ့မှစ၍ ရောင်းသူအားအတိုး ပေးစေရန်။

(ခ) ရောင်းသူဘက်မှ ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် ကုန်ဖိုးငွေပြန်အမ်းစေရန် ဝယ်သူကစွဲဆိုသောအမှုတွင် ငွေပေးချေခဲ့သည့်နေ့မှစ၍ ဝယ်သူသို့အတိုးပေးစေ ရန်။

တစ်နည်း

(၂) ဆန့်ကျင်ကွဲလွဲသောပဋိညာဉ်မရှိလျှင်

(က) ကုန်ဖိုးငွေရရှိရေးအတွက် ရောင်းသူကစွဲဆိုသောအမှုတွင် ကုန်ကိုပေးအပ်ရန် ကမ်းလှမ်းသည့်နေ့ သို့မဟုတ် ကုန်ဖိုးငွေပေးရမည့်နေ့မှစ၍ ရောင်းသူအားလည်း ကောင်း၊

(ခ) ရောင်းသူဘက်မှပဋိညာဉ်ဖောက်ဖျက်မှုကြောင့် ကုန်ဖိုးငွေကိုပြန်အမ်းစေရန် ဝယ် သူကစွဲဆိုသောအမှုတွင် ငွေပေးချေခဲ့သည့်နေ့မှစ၍ ဝယ်သူအားလည်းကောင်း၊

တရားရုံးသည်၎င်းကသင့်တော်သည်ဟု ထင်မြင်သောနှုန်းဖြင့်ကုန်ဖိုးငွေအပေါ်တွင် အတိုးပေး စေရန်အမိန့်ချမှတ်နိုင်သည်။

## အခန်း(၇)
## အထွေထွေ

**(သွယ်ဝိုက်၍) အဓိပ္ပါယ်သက်ရောက်သောအချက်များနှင့် စည်းကမ်းချက်များကိုဖယ်ထုတ်ခြင်း**

၆၂။ ဥပဒေအဓိပ္ပါယ်သက်ရောက်ခြင်းအားဖြင့် အရောင်းပဋိညာဉ်တရပ်အရ အခွင့်အရေး၊ တာဝန် သို့မဟုတ် (ပေးလျော်ရန်) တာဝန်ရှိမှုတစ်စုံတစ်ရာပေါ်ပေါက်သည့်ကိစ္စတွင် အတိအလင်းသဘောတူညီ ချက်ဖြင့်ဖြစ်စေ၊ ပဋိညာဉ်ပြုသူများအကြားဆက်ဆံပုံဆက်ဆံနည်းဖြင့်ဖြစ်စေ၊ ပဋိညာဉ်ပြုသူနှစ်ဖက်စ လုံးအား ပဋိညာဉ်အရတာဝန်ရှိစေသော ဓလေ့ထုံးစံဖြစ်လျှင် ယင်းဓလေ့ထုံးစံဖြင့်ဖြစ်စေ၊ ထိုအခွင့်အရေး၊ တာဝန် သို့မဟုတ် (ပေးလျော်ရန်)တာဝန်ရှိမှုကို ပျက်ပြယ်စေနိုင်သည် သို့မဟုတ် ပြုပြင်ပြောင်းလဲနိုင်သည်။

**လျော်ကန်သင့်မြတ်သောအချိန်ဆိုသည်မှာ အကြောင်းချင်းရာပြဿနာဖြစ်ခြင်း**

၆၃။ ဤအက်ဥပဒေ၌ လျော်ကန်သင့်မြတ်သောအချိန်ကိုရည်ညွှန်းသည့်ကိစ္စတွင် လျော်ကန်သင့်မြတ် သောအချိန်သည် မည်သည့်အချိန်ဖြစ်သည်ဆိုသောပြဿနာသည် အကြောင်းချင်းရာပြဿနာဖြစ်သည်။

**လေလံတင်ရောင်းချခြင်း**

၆၄။ လေလံတင်စနစ်ဖြင့်ရောင်းချသည့်ကိစ္စတွင် -

(၁) ကုန်ကိုတစ်ခုချင်း၊ တစ်တွဲချင်း လေလံတင်ရောင်းချခြင်းဖြစ်ပါက တစ်ခုစီ၊ တစ်တွဲစီ သည် သာမန်အမြင်အားဖြင့်သီးခြားအရောင်းပဋိညာဉ်တစ်ရပ်စီအတွက် ရောင်းချသည့် ပစ္စည်းဖြစ်သည်ဟု မှတ်ယူသည်။

(၂) လေလံပစ်သူ(လေလံခေါင်း) က တူရိုက်ချက်ဖြင့်ဖြစ်စေ၊ ပြုလုပ်မြဲဖြစ်သော အခြားနည်းဖြင့်ဖြစ်စေ ရောင်းချမှုပြီးဆုံးကြောင်း ကြေငြာသည့်အခါ ရောင်းချခြင်း သည် အထမြောက်သည်။ ထို့အပြင် ယင်းသို့ကြေညာခြင်းပြုလုပ်သည့်အချိန်မတိုင်မီ ဈေးပြိုင်ပေး သူသည် ၎င်း၏ဈေးပြိုင်ပေးခြင်းကိုပြန်လည်ရုပ်သိမ်းနိုင်သည်။

(၃) ဈေးပြိုင်ပေးခွင့်ကိုရောင်းသူကဖြစ်စေ၊ ရောင်းသူ၏ကိုယ်စားဖြစ်စေ အတိအလင်း သီးသန့်ရယူထားခွင့်ရှိသည်။ ထို့အပြင်(ရောင်းသူက)ဤအခွင့်အရေးကို အခြား နည်းဖြင့်ရယူခွင့်မရှိသဖြင့် ယင်းကဲ့သို့အတိအလင်း သီးသန့်ရယူထားသည့်ကိစ္စတွင် ရောင်းသူ သို့မဟုတ် ၎င်း၏ကိုယ်စား တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြလတ္တံ့သောပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက လေလံပွဲ၌ ဈေးပြိုင်ပေးနိုင် သည်။

(၄) ရောင်းချခြင်းသည် ရောင်းသူ၏ကိုယ်စား ဈေးပြိုင်ပေးရန် အခွင့်အရေးကို အထောက်အထားပြုရမည်ဖြစ်ကြောင်း ကြေညာထားခြင်းမရှိသည့်ကိစ္စတွင် ရောင်းသူအနေဖြင့် ယင်းလေလံပွဲ၌ ၎င်းကိုယ်တိုင်ဈေးပြိုင်ပေးခြင်း သို့မဟုတ် ဈေးပြိုင်ပေးရန်တစ်ဦးတစ်ယောက်အား စေခိုင်းခြင်းသည်လည်းကောင်း၊ လေလံ ပစ်သူ (လေလံခေါင်း)အနေဖြင့် ရောင်းသူ သို့မဟုတ် ဆိုခဲ့သည့်သူတစ်ဦးဦး က ဈေးပြိုင်ပေးခြင်း(လေလံစွဲခြင်း)ကို သိလျက်နှင့်လက်ခံခြင်းသည်လည်းကောင်း၊ တရားဝင်မည်မဟုတ်။ ထို့အပြင်ဤစည်းမျဉ်းကို ချိုးဖောက်သည့်ရောင်းချခြင်းကို လိမ်လည်လှည့်ဖျားမှုအဖြစ် ဝယ်သူကသတ်မှတ်နိုင်သည်။

(၅) ရောင်းချခြင်းသည် သီးသန့်ထားသော သို့မဟုတ် အနိမ့်ဆုံးသတ်မှတ်ထားသော ဈေးနှုန်းကိုထောက်ထားရမည်ဖြစ်ကြောင်းကြေညာနိုင်သည်။

(၆) ရောင်းသူသည် ဈေးနှုန်းမြင့်စေရန်အလို့ငှာ ဟန်ဆောင်ဈေးပြိုင်ပေးခြင်းကို အသုံး ချလျှင် ဝယ်သူ၏ဆန္ဒအရ ရောင်းချခြင်းကိုပျက်ပြယ်စေနိုင်သည်။

၆၅။ ပယ်ဖျက်ထားသည်။

**ခြွင်းချက်များ**

၆၆။ (၁) ဤအက်ဥပဒေပါမည်သည့်အချက်ကမျှ အောက်ပါတို့ကိုထိခိုက်ခြင်း သို့မဟုတ် ထိခိုက် သည်ဟုမှတ်ယူခြင်းမရှိစေရ -

(က) ၁၉၃၇ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီကရရှိထားပြီးဖြစ်သော တိုးပွားပြီး ဖြစ်သော သို့မဟုတ် ပေါ်ပေါက်ပြီးဖြစ်သောအခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ တာဝန် သို့မဟုတ် (ပေးလျော်ရန်) တာဝန်တင်ရှိမှု သို့မဟုတ်

(ခ) ယင်းအခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ တာဝန် သို့မဟုတ်(ပေးလျော်ရန်) တာဝန်တင်ရှိမှုနှင့် စပ်လျဉ်းသည့်တရားဥပဒေအရ အရေးယူဆောင်ရွက်မှု သို့မဟုတ် ကုစားမှု၊ သို့မဟုတ်

(ဂ) ၁၉၃၇ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီကပြုလုပ်ပြီး သို့မဟုတ် ထိခိုက်ခံရ ပြီးစည်းကမ်းတစ်ရပ်ရပ်၊ သို့မဟုတ်

(ဃ) ကုန်ရောင်းခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ်

(င) ဤအက်ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသော စည်းမျဉ်းဥပဒေသတစ်ရပ်ရပ်

(၂) ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ကုန်ရောင်းခြင်းပဋိညာဉ်များနှင့် စပ်လျဉ်းသော ကြွေးမြီမပေးဆပ်နိုင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေသများသည် အဆိုပါပဋိညာဉ် များနှင့်ဆက်လက် သက်ဆိုင်စေရမည်။

(၃) အရောင်းပဋိညာဉ်များနှင့်စပ်လျဉ်းသည့် ဤအက်ဥပဒေ၏ပြဋ္ဌာန်းချက်များသည် (မရွှေ့ပြောင်းနိုင်သောပစ္စည်း) ပေါင်နှံခြင်း(ရွှေ့ပြောင်းနိုင်သောပစ္စည်း) ပေါင်နှံခြင်း၊ ကြွေးမြီနှင့်စပ်လျဉ်းသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့် သို့မဟုတ် အခြား အာမခံထားခြင်းအဖြစ်တည်ရှိရန် ရည်ရွယ်သောအရောင်းပဋိညာဉ် ပုံသဏ္ဍာန်ရှိ သည့် ဆက်ဆံဆောင် ရွက်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိ။